# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)


၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက် | ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၃ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၃)၊ အမှတ်(၃၃၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

အမိန့်ကြော်ငြာစာအမှတ်၊ ၁ /၂၀၂၄

၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက်

(၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်)

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခြင်း

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (င)နှင့် ပုဒ်မ ၇၂၊ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ The Myanmar National Democratic Alliance Army (MNDAA) လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့နှင့် Ta'ang National Liberation Army(TNLA) လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့တို့သည်

*စာမျက်နှာ ၅ ကော်လံ ၁* ❖

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားခြင်းမှ ပြန်လည်ရုပ်သိမ်းခြင်းကိုပယ်ဖျက်၍ အကြမ်းဖက်အုပ်စုအဖြစ်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

အမိန့်ကြော်ငြာစာအမှတ်၊ ၂ /၂၀၂၄

၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက်

(၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်)

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားခြင်းမှ ပြန်လည်ရုပ်သိမ်းခြင်းကို ပယ်ဖျက်၍ အကြမ်းဖက်အုပ်စုအဖြစ်ကြေညာခြင်း

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င) နှင့် ပုဒ်မ ၇၂၊ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❒

# ယခုနှစ်ဆောင်းရာသီတွင် နေကြာ ဧက ၁၄၇၀၀ တိုးချဲ့စိုက်ပျိုးသွားမည်


**နေပြည်တော် စက်တင်ဘာ ၂**

ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် နေကြာသီးနှံ ဧကသုံးသန်းကျော် စိုက်ပျိုးသွားရန် လျာထားဆောင်ရွက်လျက်ရှိရာ ယခင်နှစ်က နေကြာသီးနှံဧက ၁ ဒသမ ၀၈ သန်း စိုက်ပျိုးခဲ့ပြီး ယခုနှစ်ဆောင်းရာသီတွင် ဧက ၁၄၇၀၀ တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

နေကြာသီးနှံသည် ဆီထွက်သီးနှံများတွင် စိုက်ပျိုးရသော မျိုးစေ့ပမာဏနှင့် ထွက်ရှိသော မျိုးစေ့ပမာဏ အချိုးအစားမြင့်မားခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကာလတိုအတွင်း တိုးချဲ့စိုက်ပျိုးရန် အလားအလာကောင်းခြင်း၊ အခြားဆီထွက်သီးနှံများနှင့် နှိုင်းယှဉ်ပါက ဆီထွက်ရာခိုင်နှုန်း ပိုမိုများပြားခြင်း စသည့်အားသာချက်များကြောင့် တိုးချဲ့စိုက်ပျိုးရန် ဆောင်ရွက်နေခြင်းဖြစ်သည်။

"ဆီထွက်သီးနှံ နေကြာဧက သုံးသန်းကျော် စိုက်ပျိုးဆောင်ရွက်ဖို့အတွက် စီမံဆောင်ရွက်လျက်ရှိပါတယ်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆



တပ်ကုန်းမြို့နယ်အတွင်းရှိ အောင်မြင်ဖြစ်ထွန်းနေသည့် နေကြာစိုက်ခင်း

ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ၂၇ ရက်သာ လိုတော့သည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး အိန္ဒိယနိုင်ငံ National Defence College ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ National Defence College မှ အကြီးတန်းနည်းပြအရာရှိ(Senior Directing Staff) ဖြစ်သူ Major General Ajay Kumar Singh, AVSM, SM ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြားလေ့ကျင့်ရေး၊ သင်ကြားရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ကြကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အိန္ဒိယနိုင်ငံ National Defence College မှ အကြီးတန်းနည်းပြအရာရှိ(Senior Directing Staff) ဖြစ်သူနှင့်အတူ သင်တန်းသားအရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယစစ်သံမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ National Defence College မှ အကြီးတန်းနည်းပြအရာရှိ(Senior Directing Staff) ဖြစ်သူ Major General Ajay Kumar Singh, AVSM, SM ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

---

*◆ ရှေ့ဖုံးမှ*

အဲဒီလို ဆောင်ရွက်တဲ့အခါ ပြီးခဲ့တဲ့နှစ်တွေတုန်းကတော့ ၁ ဒသမ ၀၈ သန်း စိုက်ပျိုးခဲ့တယ်။ ဒီလို စိုက်ပျိုးခဲ့တဲ့အပေါ် ဒီနှစ်မှာ ဧက ၁၄၇၀၀ လောက် တိုးချဲ့စိုက်ပျိုးသွားမယ်။ လာမယ့်နှစ်တွေမှာလည်း ဧကကို တဖြည်းဖြည်းချင်း တိုးချဲ့စိုက်ပျိုးသွားမှာ ဖြစ်ပြီးတော့ သုံးနှစ်မြောက်တဲ့နှစ်မှာ ဧက သုံးသန်း ရရှိအောင် ဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။ အဓိက ဆောင်ရွက်သွားမယ့် လုပ်ငန်းစဉ်က မြန်မာနိုင်ငံမှာ သီးထပ်စိုက်တဲ့ ဧရိယာတွေမှာ ရေရရှိရေးလုပ်ငန်းကို စီမံဆောင်ရွက်ပြီးတာနဲ့ နေကြာဧက သုံးသန်း ပြည့်မီရေးကို ရည်ရွယ်ဆောင်ရွက်တာ ဖြစ်ပါတယ်။

"အဓိက နေကြာမျိုးတွေရရှိရေး လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် သက်ဆိုင်ရာ ဆက်စပ်ဦးစီးဌာနတွေနဲ့ ချိတ်ဆက်ပြီး မြေပြင်မှာ ကွင်းဆင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် ပြီးခဲ့တဲ့နှစ်က မျိုးဆောင်ရွက်ခဲ့တဲ့ နေကြာဧက ၁ ဒသမ ၀၈ သန်းအပေါ်မှာ ဧက ၁၄၇၀၀ ကို ဒီနှစ်ဆောင်းမှာ တိုးချဲ့ပြီး ဧက ၁ ဒသမ ၀၉ သန်းအထိ စိုက်ပျိုးသွားမယ်။ လာမယ့်နှစ်မှာ ၁ ဒသမ ၃ သန်းအထိ တိုးချဲ့ပြီး နှစ်အလိုက် ဧကသုံးသန်းရရှိရေး ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့ ပြည်တွင်းမှာရှိတဲ့ နေကြာမျိုးတွေကို တောင်သူလယ်သမားတွေ၊ ပုဂ္ဂလိကလုပ်ငန်းရှင်တွေနဲ့ ပေါင်းစပ်ပြီးတော့ မျိုးစေ့ထုတ်တဲ့ လုပ်ငန်းတွေ၊ ပြည်ပကနေ တင်သွင်းရမယ့် နေကြာမျိုးစေ့လုပ်ငန်းတွေကို အဆင်ပြေချောမွေ့အောင် စီမံဆောင်ရွက်နေပါတယ်။

"နောင်နှစ်တွေမှာတော့ ပြည်တွင်းမှာပဲ နေကြာမျိုးစေ့ကို ထုတ်လုပ်နိုင်ဖို့အတွက် လုပ်ငန်းရှင်တွေနဲ့ ချိတ်ဆက်ဆောင်ရွက်နေပါတယ်။ နေကြာမျိုးကောင်းမျိုးသန့်တွေရရှိဖို့၊ ဧကသုံးသန်းအထိ စိုက်ပျိုးနိုင်ဖို့ တောင်သူတွေအနေနဲ့ ဒေသဆီဖူလုံရေးကို အဓိကအာရုံစိုက်ပြီး နေကြာသီးနှံကို အလေးထားပြီး ဆောင်ရွက်ပေးကြဖို့ တိုက်တွန်းလိုတာဖြစ်ပါတယ်" ဟု စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းက ပြောကြားသည်။

ပြည်တွင်းစားသုံးဆီဖူလုံရေး မျှော်မှန်းချက်အောင်မြင်စေရန်အတွက် နေကြာသီးနှံကို သီးညှပ်စိုက်ပျိုးခြင်းများ ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် နေကြာသီးနှံစိုက်ပျိုးခြင်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မိုးနှင့် ဆောင်း စုစုပေါင်း စိုက်ဧက ၁ ဒသမ ၀၉ သန်း လျာထား ဆောင်ရွက်လျက်ရှိပြီး နှစ်အလိုက် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကာ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် မိုးနှင့် ဆောင်း စုစုပေါင်းစိုက်ဧက ၃ ဒသမ ၀၇ သန်း စိုက်ပျိုးရန် လျာထားဆောင်ရွက်နေကြောင်း သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုတိုးမြှင့်ရေးအစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဟန်နီ**

---

## စစ်တောင်းမြစ်ရေ တောင်ငူမြို့နှင့် မဒေါက်မြို့တို့၌ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိနေ

**နေပြည်တော် စက်တင်ဘာ ၂**

ယနေ့နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၉ ဒသမ ၆၉ ပေ (၆၀၀ စင်တီမီတာ) အထက်သို့ တစ်ပေခွဲကျော် (၅၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ နှစ်လက်မခန့် (၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

---

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်အဖြစ် တင်မြှောက်ခံရသူများစာရင်းကို ဖြည့်စွက်ပြင်ဆင်အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်အဖြစ် တင်မြှောက်ခံရသူများနှင့် ရွေးချယ်တင်မြှောက်ပွဲတွင် ပါဝင်အရွေးချယ်ခံခွင့်ရှိသူများစာရင်းကို ၂၃-၈-၂၀၂၄ ရက်နေ့တွင် နိုင်ငံပိုင်သတင်းစာများ၌ အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ပြန်ကြားရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့နှင့်ညှိနှိုင်း၍ သတင်းမီဒီယာနည်းဥပဒေများ နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ(က)နှင့်အညီ ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်(၂/၂၀၂၄)အား ၃၀-၈-၂၀၂၄ ရက်နေ့တွင် ညွှန်ကြားချက်(၃/၂၀၂၄)ဖြင့် ပြင်ဆင်ထုတ်ပြန်ခဲ့ပါသည်။

၃။ သတင်းမီဒီယာနည်းဥပဒေများ နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ(က)နှင့်အညီ ပြင်ဆင်ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်(၃/၂၀၂၄)အရ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအသစ်ဖွဲ့စည်းရန် ကောင်စီဝင်အရေအတွက် အချိုးအစားအရ နယ်ပယ်ကိုယ်စားပြုသူ(၁၁)ဦး၏ အမည်စာရင်းကို အောက်ပါအတိုင်း ဖြည့်စွက် ပြင်ဆင်အသိပေးကြေညာအပ်ပါသည်-

| | |
|---|---|
| (က) ဒေါက်တာတင်အောင်ခိုင် | မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂ |
| ( ခ ) ဦးသိုက်ထွန်း | မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်သူများအသင်း |
| ( ဂ ) ဒေါက်တာဇော်သန်း | မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ |
| (ဃ) ဦးကြည်ညွန့် | မြန်မာနိုင်ငံပုံနှိပ်သူနှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း |
| ( င ) ဦးဥက္ကာအေး | မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်း |
| ( စ ) ဦးတင်ကိုကို | မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် |
| (ဆ) ဦးမြတ်စိုး(မြတ်စိုး-လှိုင်) | မြန်မာနိုင်ငံစာရေးဆရာအသင်း |
| ( ဇ ) ဦးအောင်ကြည် (အောင်ကြည်ညွန့်-တက္ကသိုလ်) | မြန်မာနိုင်ငံစာရေးဆရာအသင်း |
| ( ဈ ) ဦးဝင်းနိုင်(မင်းဆက်ပိုင်) | မြန်မာနိုင်ငံစာရေးဆရာအသင်း |
| (ည) ပါမောက္ခဒေါက်တာမြသိန်းဟန် | မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ |
| ( ဋ ) ဒေါက်တာစန်းဦး | မြန်မာနိုင်ငံနည်းပညာ ပညာရှင်အဖွဲ့ |

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကိုယ်စားပြု ဘောလုံးအသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကိုယ်စားပြု ဘောလုံးအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံတက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် စက်တင်ဘာ ၂**

၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူနှင့်အဖွဲ့ဝင်များ ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

**စဉ်ဆက်မပြတ်မြှင့်တင်ပေးလျက်ရှိ**

အခမ်းအနားတွင် ပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ယနေ့အချိန်အခါတွင် တက္ကသိုလ်အားကစားကဏ္ဍကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်များ၊ နိုင်ငံတော်အကြီးအကဲ၏ အားပေးလမ်းညွှန်မှုများအရ စဉ်ဆက်မပြတ် မြှင့်တင်ပေးလျက်ရှိပါကြောင်း၊ ယခုကျင်းပသည့် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲကို “တက္ကသိုလ်လက်ရွေးစင်မှသည် မြန်မာ့လက်ရွေးစင်ဆီသို့” ဆိုသည့် ဦးတည်ချက်နှင့် ကျင်းပပေးခြင်းဖြစ်ပြီး ယခုပြိုင်ပွဲမှတစ်ဆင့် ထူးချွန်ထက်မြက်သည့် တက္ကသိုလ်ကျောင်းသား အားကစားသမားများကို ရွေးချယ်လေ့ကျင့်ပြီး အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲအပါအဝင် နိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြစေမည်ဖြစ်ပါကြောင်း၊

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်နိုင်ငံတော်အတွက် အဓိက စွမ်းအားစုသည် ကျောင်းသား ကျောင်းသူများနှင့် လူငယ်များပင်ဖြစ်ပါကြောင်း၊ လူငယ်များကို အားကစားကဏ္ဍအပါအဝင် ဘက်စုံ၊ ကဏ္ဍစုံတွင် နိုင်ငံ၏သားကောင်းသမီးကောင်းများ ဖြစ်လာစေရန် နိုင်ငံတော်က ဘက်စုံပညာရေးကို အကောင်အထည်ဖော်ပေးလျက် ရှိပါကြောင်း၊ ထို့ကြောင့် ယခုဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသည့် ဝန်ကြီးဌာနအသီးသီးမှ အုပ်ချုပ်သူများ၊ နည်းပြများ၊ ကျောင်းသားအားကစားသမားများအနေဖြင့် မိမိတို့၏ အရည်အချင်းများကို ဖော်ထုတ်ပြီး တက္ကသိုလ်ကျောင်းသားများ၏ ဂုဏ်သိက္ခာနှင့်အညီ ညီညီညွတ်ညွတ် စည်းကမ်းရှိရှိ၊ ပျော်ပျော်ရွှင်ရွှင်၊ ချစ်ကြည်ရင်းနှီးစွာဖြင့် သန့်သန့်ရှင်းရှင်း ယှဉ်ပြိုင်ကစားကြပြီး တက္ကသိုလ်လက်ရွေးစင်မှသည် မြန်မာ့လက်ရွေးစင် အထိ အောင်မြင်မှုများရရှိစေရန် ကြိုးစားကြစေလိုကြောင်း တိုက်တွန်းပြောကြားရင်း ၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်ကြောင်း ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက်ကို ရွတ်ဆိုကြသည်။

**ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့် တာဝန်ရှိသူတို့သည် ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ မိတ္ထီလာပညာရေးဒီဂရီကောလိပ်မှ ကျောင်းသူလေးများက ပန်းဖွားအကဖြင့် သရုပ်ဖော် ဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူတို့သည် ပြိုင်ပွဲယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

**ခုနစ်ဂိုး – တစ်ဂိုးဖြင့် အနိုင်ရရှိ**

ယနေ့ပွဲစဉ်အဖြစ် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ကိုယ်စားပြု ဘောလုံးအသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ကိုယ်စားပြု ဘောလုံးအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကိုယ်စားပြုဘောလုံးအသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ကိုယ်စားပြုဘောလုံးအသင်းကို ခုနစ်ဂိုး– တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲကို တက္ကသိုလ်များ၏ ဘောလုံးအားကစား အဆင့်အတန်းကို မြှင့်တင်ရန်၊ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးကို အပြည့်အဝ အထောက်အကူဖြစ်စေရန်၊ အားကစားစိတ်ဓာတ်ကို အရင်းခံပြီး အချင်းချင်း ရင်းနှီးမှု၊ ဖွဲ့ရှိမှု၊ သည်းခံမှု၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ စည်းလုံးညီညွတ်မှု၊ အသင်းအဖွဲ့စိတ်ဓာတ်ရှိမှု၊ စည်းကမ်းဥပဒေ၊ နည်းဥပဒေများကို လေးစားလိုက်နာမှု၊ ယဉ်ကျေးသိမ်မွေ့မှုနှင့် နိုင်ငံ့သားကောင်းများဖြစ်မှု စသည့်ကောင်းမြတ်သော အရည်အသွေးများဖြင့် ပြည့်စုံသည့် ကျောင်းသား၊ ကျောင်းသူများ ဖြစ်လာစေရန်၊ တက္ကသိုလ်ဘောလုံးပြိုင်ပွဲမှ ထွက်ပေါ်လာမည့် ထူးချွန်အားကစားသမားများမှသည် နိုင်ငံတော်အတွက် အားထားရသည့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

**စက်တင်ဘာ ၉ ရက်အထိယှဉ်ပြိုင်မည်**

အဆိုပါ ဘောလုံးပြိုင်ပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ သက်ဆိုင်ရာဝန်ကြီးဌာန ကိုယ်စားပြု တက္ကသိုလ်များ ဘောလုံးအသင်းခုနစ်သင်းတို့ ပါဝင်ပြီး ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၉ ရက်အထိ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်သည်။

**ရွေးချယ်သွားမည်**

ယခု ၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲတွင် အသင်းလိုက် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ စတုတ္ထဆုနှင့် နေရာအလိုက် တစ်ဦးချင်း အကောင်းဆုံးဆုများကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးသွားမည့်အပြင် ထူးချွန်သည့် ဘောလုံးအားကစားသမားများကို လာမည့် ၂၀၂၆ ခုနှစ် မလေးရှားနိုင်ငံတွင် ကျင်းပမည့် (၂၂)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲအတွက် ဘောလုံးလက်ရွေးစင် အားကစားသမားများ အဖြစ် ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်

❖ *ရှေ့ဖုံးမှ*

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်မှုဖြစ်သည့် အများပြည်သူ၏ လုံခြုံရေးကိုဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ်ကိုဖြစ်စေ၊ အများပြည်သူ သို့မဟုတ် တစ်ဦးတစ်ယောက်အတွက် အရေးကြီးသော အခြေခံအဆောက်အအုံများကိုဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကိုဖြစ်စေ ပြင်းထန်စွာ ထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်မှုများဖြစ်သည့် အများပြည်သူအသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ လျှပ်စစ်တာဝါတိုင်များကို ဖောက်ခွဲဖျက်ဆီးခြင်း၊ လူနေထူထပ်သည့် မြို့ရွာများကို အဝေးမှနေ၍ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ Drop Bomb များချ၍ တိုက်ခိုက်ခြင်း၊ အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်း၊ နိုင်ငံတော်ပိုင် အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကို ဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိကြသည်။ ထို့အပြင် နိုင်ငံတော်အတွင်း အခြေပြု၍ နိုင်ငံတော်ကို အကြမ်းဖက်မှုများ ကျူးလွန်လျက်ရှိသည်။

၂။ သို့ဖြစ်ပါ၍ အထက်ပါအကြမ်းဖက်မှုများကို ကျူးလွန်လျက်ရှိသည့် The Myanmar National Democratic Alliance Army (MNDAA) လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့နှင့် Ta'ang National Liberation Army(TNLA) လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့တို့ကို အကြမ်းဖက်အုပ်စုအဖြစ် ကြေညာလိုက်သည်။

ဥက္ကဋ္ဌ
အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

❒ *ရှေ့ဖုံးမှ*

၁။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် United League of Arakan(ULA)/ Arakan Army (AA) လက်နက်ကိုင်အဖွဲ့အား အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ၂၃.၃.၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၁/၂၀၂၀)ဖြင့် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခဲ့ပါသည်။ သို့ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက် (၉)ရပ်တို့နှင့်အညီ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တည်ဆောက်နိုင်ရန်အတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ၁၁.၃.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၁/၂၀၂၁)ဖြင့် ယင်းအဖွဲ့အား အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားခြင်းမှ ပြန်လည်ရုပ်သိမ်းပေးခဲ့ပါသည်။

၂။ ယခုအခါ အဆိုပါ United League of Arakan(ULA)/ Arakan Army(AA)လက်နက်ကိုင်အဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်မှုဖြစ်သည့် အများပြည်သူ၏ လုံခြုံရေးကိုဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ်ကိုဖြစ်စေ၊ အများပြည်သူ သို့မဟုတ် တစ်ဦးတစ်ယောက်အတွက် အရေးကြီးသော အခြေခံအဆောက်အအုံများကိုဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကိုဖြစ်စေ ပြင်းထန်စွာ ထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်မှုများဖြစ်သည့် အများပြည်သူအသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ လျှပ်စစ်တာဝါတိုင်များကို ဖောက်ခွဲဖျက်ဆီးခြင်း၊ လူနေထူထပ်သည့် မြို့ရွာများကို အဝေးမှနေ၍ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ Drop Bomb များချ၍ တိုက်ခိုက်ခြင်း၊ အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်း၊ နိုင်ငံတော်ပိုင် အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကို ဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို ပြန်လည်ကျူးလွန်လာခဲ့သည့်အပြင် နိုင်ငံတော်အတွင်း အခြေပြု၍ နိုင်ငံတော်ကို အကြမ်းဖက်မှုများ ဆက်လက်ကျူးလွန်လျက်ရှိသည်။

၃။ သို့ပါ၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ၁၁.၃.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ (၁/၂၀၂၁)ဖြင့် ယင်းအဖွဲ့အား အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားခြင်းမှ ပြန်လည်ရုပ်သိမ်းပေးခြင်းကို ပယ်ဖျက်၍ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာလိုက်သည်။

ဥက္ကဋ္ဌ
အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့



# မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် ဆန္ဒမဲပေးနိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိရာ မဲပေးစက်အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်း အမှတ်စဉ် (၂/၂၀၂၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တိုးချဲ့ရုံးအဆောက်အအုံ၌ ကျင်းပပြုလုပ်သည်။

သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံ ဦးအောင်စောဝင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ နည်းပြများ၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ သင်တန်းသားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးက နောင်ကျင်းပပြုလုပ်မည့်ရွေးကောက်ပွဲများတွင် မဲမသမာမှုများ ထပ်မံမဖြစ်ပွားစေရေးစနစ်ဖြင့် ထိန်းချုပ်ဆောင်ရွက်နိုင်ရန် လိုအပ်သည့်အတွက် MEVM မဲပေးစက်နှင့် မဲစာရင်း ပြုစုရာတွင် မှန်မှန်ကန်ကန် တိတိကျကျဖြစ်စေမည့် Admin DEO ၊ CVLMS စနစ်များကို ရေးဆွဲဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ MEVM မဲပေးစက်ဖြင့်မဲပေးရာတွင် မဲလက်မှတ်များ မလိုအပ်ဘဲ တိတိကျကျမှန်မှန်ကန်ကန်ဖြင့် လွယ်ကူလျင်မြန်စွာ မဲပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) တည်ဆောက်ပုံနည်းလမ်းများ၊ စက်တပ်ဆင်ပုံ၊ စမ်းသပ်မဲပေးပုံ၊ ဖြန့်ခွဲပုံ၊ ရွေးကောက်ပွဲနေ့၌ မဲရုံတွင် မဲပေးစက်တပ်ဆင်ခင်းကျင်းပုံ၊ မဲရလဒ်ရေတွက်ပုံ၊ နည်းဥပဒေပါအတိုင်း မဲရလဒ်စာရင်း ပြုစုပုံ၊ မဲပေးစက်အား ပြန်လည်ထုပ်ပိုးသိမ်းဆည်းပုံတို့ကို သင်ကြားပြသပေးမည်ဖြစ်ပြီး သင်တန်းသို့တက်ရောက်ခြင်းဖြင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများကို ဆင့်ပွားသင်တန်းများ ပြန်လည်ပို့ချချိန်တွင် ကျွမ်းကျွမ်းကျင်ကျင် ညွှန်ကြားပြသနိုင်မည်ဖြစ်၍ ရွေးကောက်ပွဲတွင် မဲပေးစက်ဖြင့် မဲပေးခြင်းကို ကောင်းမွန်စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။

ထို့ပြင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြု၍ ရွေးကောက်ပွဲတွင် မဲပေးဆောင်ရွက်ခြင်းဖြင့် မဲဆန္ဒရှင်ပြည်သူများသည် လွယ်ကူလျင်မြန်စွာဖြင့် သက်သောင့်သက်သာ မဲပေးနိုင်မည်ဖြစ်ပြီး မဲရလဒ်များကိုလည်း တိတိကျကျ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ရရှိနိုင်မည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ သင်တန်းသားများ တက်ရောက်ကြပြီး သင်တန်းကို စက်တင်ဘာ ၂ ရက်မှ ၄ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လူမှုကရုဏာလုပ်ငန်းများတွင် အသုံးပြုရန် အထောက်အကူပစ္စည်းများလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂**

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဆောင်ရွက်လျက်ရှိသော လူမှုကရုဏာလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဂျပန်နိုင်ငံအခြေစိုက် ingo PEACE. မှ ဆေးဝါးများနှင့် ဆေးလုပ်ငန်းသုံး ဆက်စပ်ပစ္စည်းများ လှူဒါန်းပေးအပ်ပွဲကို ယမန်နေ့က ရန်ကုန်မြို့ရှိ ချက်ထရီယံ ဟိုတယ်၌ ကျင်းပရာ အသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွှန့်က အမှာစကား ပြောကြားသည်။

ဆက်လက်ပြီး အလှူရှင် ingo PEACE. မှ S.M. NAZRUL ISLAM က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်က ဂုဏ်ပြုစကား ပြောကြားသည်။

ထို့နောက် လှူဒါန်းခြင်း အထိမ်းအမှတ် လက်မှတ်ရေးထိုးကြပြီး ingo PEACE. မှ S.M. NAZRUL ISLAM က USD 470,307.23 တန်ဖိုးရှိ ဆေးဝါးများနှင့် ဆေးလုပ်ငန်းသုံး ဆက်စပ်ပစ္စည်းများကို လွှဲပြောင်းပေးအပ်ရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ယင်းနောက် အသင်းအချိန်ပြည့် အလုပ်အမှုဆောင် ပါမောက္ခ ဒေါက်တာ တင်မောင်လှိုင်က ကျေးဇူးတင်စကား ပြောကြားသည်။




အဆိုပါ လှူဒါန်းပွဲအခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံရုံး၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံရုံး၊ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အချိန်ပြည့်/အချိန်ပိုင်း အလုပ်အမှုဆောင်များ၊ ဒုတိယ အထွေထွေ အတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ Multi Sector Supporting Organization For Road Safety(MORS) ၊ Myanmar Automobile Development Public Co., Ltd (MADP)၊ Myanma Automobile Manufacturer & Distributor Association (MAMDA)နှင့် ingo PEACE. တို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

■ **အင်တာနက် ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှု မရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်း များသည် တည်ဆဲ ဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

■ **အွန်လိုင်း လောင်းကစား ကြော်ငြာများ လက်ခံ ကြော်ငြာ ပေးခြင်းသည် တည်ဆဲ ဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် ပဲခူးတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ဖွင့်လှစ်

**ပဲခူး စက်တင်ဘာ ၂**

(၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် ပဲခူးတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို စက်တင်ဘာ ၂ ရက် မွန်းလွဲပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်နှင့် ပဲခူးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာအေးအေးခိုင်တို့က (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် ပဲခူးတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။**(ယာပုံ)**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို နှစ်စဉ်ကျင်းပပေးခြင်းဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာကို တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်နိုင်မည့် ရွက်ပုန်းသီး အနုပညာရှင်များစွာ စဉ်ဆက်မပြတ် ပေါ်ထွက်လာမည်ဖြစ်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာများလည်း အစဉ်အမြဲ တိုးတက်ရှင်သန် ဖွံ့ဖြိုးနေမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်များအနေဖြင့် နိုင်ငံတော်အဆင့်တွင် အောင်မြင်မှုများရရှိနိုင်ရေး မျှော်မှန်း၍ အစွမ်းကုန်ကြိုးစား ယှဉ်ပြိုင်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် ပဲခူးတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် ဧည့်သည်တော်များအား ညောင်လေးပင်ခရိုင်မှ ဝါသနာရှင် (ဒုတိယတန်းအဆင့်) အဆို (မဟာဂီတ)ပြိုင်ပွဲဝင် မခင်ရတနာစိုးက "ကြိုနေမယ့်နေ့" သီချင်းဖြင့်လည်းကောင်း၊ ပြည်ခရိုင်မှ အခြေခံပညာအဆင့်(၁၅-၂၀)အကပြိုင်ပွဲဝင် မရွှန်းလဲ့လဝန်းထွန်းက "ပန်းရည်ဘဏ်တိုက်" သီချင်းဖြင့်လည်းကောင်း၊ ပဲခူးခရိုင်မှ အဆင့်မြင့်ပညာ ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲဝင် မမိုးပြည့်ပြည့်နိုင်က ဆိုင်းတီးခတ်၍ ပဲခူးခရိုင်မှ ဝါသနာရှင် (ပထမတန်းအဆင့်) အဆို (မဟာဂီတ) ပြိုင်ပွဲဝင် ဦးမင်းဟန်က "ကျေးရွာဝါဒ" သီချင်းဖြင့်လည်းကောင်း အသီးသီး ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။ ယင်းနောက်




တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီးတို့က ဧည့်ခံဖျော်ဖြေခဲ့သည့် ပြိုင်ပွဲဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး ဒိုင်အဖွဲ့များ၊ နည်းပြများ၊ ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် ပဲခူးတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် အဆိုဘာသာရပ် အမျိုးအစား သုံးခု၊ အကဘာသာရပ် အမျိုးအစား လေးခု၊ အရေးဘာသာရပ်အမျိုးအစား နှစ်ခုနှင့် အတီးဘာသာရပ် အမျိုးအစား ၁၃ မျိုးတို့အား ပြိုင်ပွဲဝင် ဦးရေ ၂၆၃ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ (၂/ ၂၀၂၄-၂၀၂၅) အစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂**

ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေး ချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့၏ (၂/၂၀၂၄-၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**



အစည်းအဝေးသို့ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထွဋ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) နှင့် မြန်မာနိုင်ငံ ဘဏ်များအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သော ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေး ချေးငွေကို စဉ်ဆက်မပြတ် ထုတ်ချေးနိုင်ရေးအတွက် အစည်းအဝေး တက်ရောက်လာသူများမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်နှင့် လုပ်ငန်းစဉ်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အကြံပြု ဆွေးနွေးတင်ပြကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူက ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေအတွက် ချေးငွေအဆိုပြုလွှာများ လက်ခံရရှိမှုအခြေအနေကို လည်းကောင်း၊ Participating Financial Institutions (PFI)ဘဏ် နှစ်ဘဏ်ဖြစ်ကြသည့် မြန်မာ့စီးပွားရေးဘဏ်နှင့်မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်တို့မှ တာဝန်ရှိသူများက စဉ်ဆက်မပြတ် ချေးငွေထုတ်ချေးနေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး လုပ်ငန်းအဖွဲ့ဝင်များက ဆီစက်ဖွံ့ဖြိုးရေးချေးငွေများ လျင်မြန်စွာ တိုးချဲ့ ထုတ်ချေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေး တင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## သမဝါယမအသင်းသားပိုင် လယ်ယာမြေများ၌ နေကြာစိုက်ပျိုးနိုင်ရေး တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်

**တောင်ကြီး စက်တင်ဘာ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သံတဲကျေးရွာ ကွမ်လုံကျေးရွာအုပ်စု လူရိုးတောင်ကျေးရွာနှင့် နောင်မွန်ကျေးရွာတို့မှ အသင်းသားပိုင်လယ်ယာမြေများ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ပွေးလှကျေးရွာ ဆင်မင်းလယ်ယာနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းနှင့် ကျားကုန်းကျေးရွာ အောင်မြင်သစ်စိုက်ပျိုးရေးနှင့် အထွေထွေ စီးပွားရေးသမဝါယမအသင်းတို့မှ သမဝါယမအသင်းသားပိုင်လယ်ယာမြေများ၊ ညောင်ရွှေမြို့နယ် တိလောကျေးရွာ မနောသုခစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းသားပိုင် လယ်ယာမြေတို့တွင် ဆီနေကြာစိုက်ပျိုးနိုင်ရေးအတွက် စက်တင်ဘာ ၁ ရက်က ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်သည် မြို့နယ်အတွင်းရှိ တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်က ပြည်နယ်အတွင်း နေကြာစိုက်ဧက ၅၀၀၀ လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် သမဝါယမအသင်းသားတောင်သူများ လိုအပ်သောမျိုးစေ့နှင့် သွင်းအားစုများကို သမဝါယမအသင်းအဆင့်ဆင့်ချိတ်ဆက်၍ ပံ့ပိုးမည့် အစီအစဉ်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့်**
**လျှပ်စစ်ကို ချွေတာပါ**

## ပြည်ခရိုင်အတွင်းရှိ ကျေးရွာချင်းဆက်လမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

**ပြည် စက်တင်ဘာ ၂**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနေဦးနှင့် ပဲခူးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဗိုလ်ဗိုလ်မြင့်တို့သည် စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက ပြည်ခရိုင်အတွင်းရှိ ကျေးရွာချင်းဆက်လမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။**(ဝဲပုံ)**



ရှေးဦးစွာ ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ပြည်ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြည်ခရိုင်အတွင်းရှိ ဌာနဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ရွှေတောင်မြို့နယ်သို့ သွားရောက်၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဖန်ဝန်းတက်နေကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သည့် ရွာသာယာ-နွားခြံကုန်း-မြို့မလမ်း ကျေးရွာချင်းဆက်လမ်းအရှည်(၁/၄)မိုင်၊ အကျယ် ၁၆ ပေ၊ ထု ၁၄ လက်မ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေနှင့် လမ်းဘေးဝဲ/ယာတွင် အရိပ်ရသစ်ပင်များ၊ သီးပင်စားပင်များ စိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ဒုတိယညွှန်ကြားရေးမှူး ဦးဗိုလ်ဗိုလ်မြင့်က လိုက်လံရှင်းလင်းပြသရာ လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ပန်းတောင်းမြို့နယ်သို့သွားရောက်၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် Royal Splendid Jade ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သည့် နဝဒေးချဉ်းကပ်လမ်းမှ တောင်ပို့ကွင်း-မကြီးကုန်း-ရုံးပုလမ်း ကျေးရွာချင်းဆက်လမ်းအရှည်(၁/၀)မိုင်၊ အကျယ် ၁၆ ပေ၊ ထု ၁၄ လက်မ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေနှင့် လမ်းဘေးဝဲ/ယာတွင် အရိပ်ရသစ်ပင်များ၊ သီးပင်စားပင်များစိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ဒုတိယညွှန်ကြားရေးမှူး ဦးဗိုလ်ဗိုလ်မြင့်က လိုက်လံရှင်းလင်းပြသရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များကို မှာကြားကြောင်း သိရသည်။

**သက်ထက်**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၄ - ၂၀၂၅ ခုနှစ် စပါး၊ ဝါသီးနှံနှင့် ဆီထွက်သီးနှံ စိုက်ကေပြည့်မီရေး လုပ်ငန်းညှိနှိုင်း



**မုံရွာ စက်တင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စိုက်ပျိုးစွမ်းအား မြှင့်တင်နိုင်ရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်လျက်ရှိရာတွင် သီးနှံစိုက်ပျိုးရာသီအလိုက် လျာထားဧကပြည့်မီစွာစိုက်ပျိုးနိုင်ရေးသည် အခြေခံကျသည့် အဓိကလုပ်ငန်း တစ်ခုဖြစ်ခြင်းကြောင့် ယခုမိုးရာသီတွင် စိုက်ပျိုးလျက်ရှိသည့် စပါး၊ ဆီထွက်သီးနှံနှင့် ဝါသီးနှံအပါအဝင် သီးနှံမျိုးစုံ လျာထားချက်ထက် ပြည့်မီကျော်လွန်စွာ စိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိစေရေးအတွက် တိုင်းဒေသကြီးအတွင်း ၂၀၂၄-၂၀၂၅ ခုနှစ် စပါး၊ ဝါသီးနှံနှင့် ဆီထွက်သီးနှံ စိုက်ကေပြည့်မီရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စက်တင်ဘာ ၂ ရက် မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ မုံရွာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိ သူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးအတွင်းရှိ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကလေးခရိုင်၊ ခန္တီး ခရိုင်၊ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က တိုင်းဒေသကြီးအတွင်း စိုက်ပျိုးလျက်ရှိသည့် စပါး၊ ဆီထွက်သီးနှံနှင့် ဝါသီးနှံအပါအဝင် သီးနှံမျိုးစုံကို စိုက်ကေလျာထားချက်ပြည့်မီရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးတို့ကို ကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်း၊ တိုင်းဒေသကြီးအတွင်း စားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်နိုင်မှသာ တိုင်းဒေသကြီးအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ချည်မျှင်ရှည်ဝါသီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေး ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံပိုင်၊ ပုဂ္ဂလိက ချည်မျှင်နှင့် အထည်စက်ရုံများ၏ ဝါဂွမ်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့်အပြင် ပိုလျှံသည့် ဝါဂွမ်းများကို ပြည်ပသို့ တင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိမည်ဖြစ်သည့်အပြင် ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများရရှိနိုင်မည် ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၏ မိုးစပါး၊ ဝါသီးနှံနှင့် ဆီထွက်သီးနှံ စိုက်ကေများ လျာထားချက် ပြည့်မီရေးနှင့် သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် တိုင်းဒေသကြီး၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းပြီး အလေးထား ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ မိမိတို့ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့်လည်း ဌာနအသီးသီး၏ လိုအပ်ချက်များကို ဖြည့်ဆည်း၍ တိုင်းဒေသကြီး၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူးက တိုင်းဒေသကြီး အတွင်း ၂၀၂၄-၂၀၂၅ ခုနှစ် စပါး၊ ဝါသီးနှံနှင့် ဆီထွက်သီးနှံများ စိုက်ပျိုးထားရှိမှုများကိုလည်းကောင်း၊ တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ကတိုင်းဒေသကြီး စိုက်ပျိုးလယ်ယာမြေအသုံးချမှုနှင့် အခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ ဒုတိယညွှန်ကြားရေးမှူးတို့က တိုင်းဒေသကြီးအတွင်းရှိ ခရိုင် / မြို့နယ်များသို့ စိုက်ပျိုးရေပေးဝေနေမှု အခြေအနေများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးအတွင်းရှိ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကလေးခရိုင်၊ ခန္တီးခရိုင်၊ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် မုံရွာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့က မိမိတို့ခရိုင်/မြို့နယ်များအတွင်း ၂၀၂၄-၂၀၂၅ ခုနှစ် စပါး၊ ဝါသီးနှံနှင့် ဆီထွက်သီးနှံများ စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက တိုင်းဒေသကြီးအတွင်း ၂၀၂၄-၂၀၂၅ ခုနှစ် စပါး၊ ဝါသီးနှံနှင့် ဆီထွက်သီးနှံများ စိုက်ကေပြည့်မီရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးတို့အတွက် လိုအပ်သည်များကို ဖြည့်စွက်တင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ၂၈-၈-၂၀၂၄ ရက်နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီး ဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ၂၀-၅-၂၀၂၄ ရက်နေ့မှ ၁၆-၈-၂၀၂၄ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်တစ်ဦးနှင့် အထွေထွေ ၂၄ ဦး ပေါင်း ၂၅ ဦးအား အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၉၈ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၄၅၅ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၀၉ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၅၆၂ ဦးအား အသိအမှတ်ပြု လက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaint Mechanism-NCM) ဖြင့် ကိုင်တွယ်ဖြေရှင်းသွားမည်

**နေပြည်တော် စက်တင်ဘာ ၂**

မြန်မာနိုင်ငံသည် ILO နှင့် ပူးပေါင်းကာ အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို ၂၀၀၇ ခုနှစ်မှစတင်၍ သက်ဆိုင်သည့်ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်မှစတင်၍ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaint Mechanism – NCM) ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ အလုပ်သမားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့်အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး အမျိုးသားကော်မတီမှ အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ မည်သူမဆို အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိရုံး (ရန်ကုန်)နှင့် အခြားအဖွဲ့အစည်းများမှတစ်ဆင့်လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန၊ ရုံးအမှတ်(၅၁)၊ နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့်လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇- ၃၄၃၀၂၇၄ နှင့် E-mail လိပ်စာ directorgeneral.dol@gmail.com, moloffice51@gamil.com, research.org.dol.mm@gmail.com များသို့လည်းကောင်း တိုင်ကြားသူနှင့် အဓမ္မခိုင်းစေခံရသူများ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမား ဝန်ကြီးဌာနမှ အသိပေးကြေညာထားကြောင်း သိရသည်။

သတင်းစဉ်

## ပေါင်းတည်၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်

**ပေါင်းတည် စက်တင်ဘာ ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန စက်မှုလယ်ယာစခန်း(ဆွယ်) ပေါင်းတည်၌ ယနေ့နံနက် ၉ နာရီက တောင်သူများအတွက် လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်ပွဲကျင်းပသည်။**(အောက်ပုံ)**

အခမ်းအနားတွင် ပြည်ခရိုင် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးကိုကိုက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးနှင့် လယ်ယာထွက်ကုန်တိုးတက်မြင့်မားရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဒေသခံတောင်သူများအနေဖြင့် လယ်ယာသုံးစက်ကိရိယာများကို လုပ်ငန်းခွင်တွင် စနစ်တကျ နည်းလမ်းမှန်ကန်ကျွမ်းကျင်စွာသုံးစွဲတတ်စေရန်၊ စနစ်တကျ ချိန်ညှိတတ်စေရန်နှင့် ရိတ်သိမ်းမှုတွင် အလေအလွင့်နည်းပါးစေရေးအတွက် ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ မြို့နယ်ဦးစီးဌာနမှူး ဦးအောင်နိုင်ဝင်းက သင်တန်းဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက သင်တန်းသုံး မှတ်စုစာအုပ်များကို သင်တန်းသားများအား ပေးအပ်သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသားတောင်သူ ၃၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ် နှစ်ပတ်ကြာ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## မွန်ပြည်နယ်ဝန်ကြီးချုပ် သမိုင်းဝင်ဆံတော်ရှင် ကျိုက်သုတ်စေတီတော်မြတ်ကြီး၏ (၁၃၈) ကြိမ်မြောက် ဆေးပဒ္ဒါန်းပွဲ တက်ရောက်လှူဒါန်း

**မော်လမြိုင် စက်တင်ဘာ ၂**

မော်လမြိုင်မြို့၏ ကျက်သရေဆောင် သမိုင်းဝင် ဆံတော်ရှင် ကျိုက်သုတ်စေတီတော်မြတ်ကြီး၌ အစဉ်အလာမပျက် လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်မှစတင်၍ ဆေးပဒ္ဒါန်းပူဇော်ပွဲကို နှစ်စဉ်ကျင်းပရာ ယခု (၁၃၈) ကြိမ်မြောက် ဆေးပဒ္ဒါန်းလှူဒါန်းပွဲ အလှူတော် မင်္ဂလာအခမ်းအနားကို စက်တင်ဘာ ၂ ရက် မွန်းလွဲပိုင်းက စေတီတော်မြတ်ကြီး၏ ဓမ္မာရုံတော်အတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ကျိုက်သုတ်စေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ ပန်း၊ ဆီမီးနှင့် ရေချမ်းတို့ကို ကပ်လှူပူဇော်ကြပြီး (၁၃၈) ကြိမ်မြောက် ဆေးပဒ္ဒါန်းလှူဒါန်းပွဲ အလှူတော် မင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ ဆံတော်ရှင်ကျိုက်သုတ်စေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ (ရွှေတောင်ကျောင်းဆရာတော်) ထံမှ ရှစ်ပါးသီလတော်မြတ်များခံယူဆောက်တည်ကြကာ ကြွရောက်လာကြသော ဆရာတော် သံဃာတော်များက ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဆိုပူဇော်ခဲ့ကြသည်။

ထို့နောက် ဆံတော်ရှင်ကျိုက်သုတ်စေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက ဆေးပဒ္ဒါန်းလှူဒါန်းရခြင်းအကြောင်းနှင့် ဆေးလှူဒါန်းသော အလှူရှင်များကို ကျေးဇူးတင်စကား ပြောကြားပြီး ကြွရောက်လာသော ဆရာတော် သံဃာတော်များထံ ကျန်းမာရေးအတွက် တိုင်းရင်းဆေးနှင့် နိုင်ငံခြားဆေးများကို "အာယုဒါန" ဆေးပစ္စည်းအလှူများနှင့် အလှူတော်ငွေများကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် အလှူရှင်များက ဆက်ကပ်လှူဒါန်းကြသည်။(**အပေါ်ယာပုံ**)



ဆက်လက်၍ (၁၃၈) ကြိမ်မြောက် ဆေးပဒ္ဒါန်းလှူဒါန်းပွဲအတွက် ပြုပြုသမျှ ကောင်းမှုအစုစုတို့ကို ဝေဇယန္တာကျောင်းဆရာတော်ထံမှ အနုမောဒနာတရားနာကြားပြီး ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကာ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကို ပိတ်သိမ်းခဲ့သည်။

အဆိုပါ (၁၃၈)ကြိမ်မြောက် ဆေးပဒ္ဒါန်းလှူဒါန်းပွဲကို မွန်ပြည်နယ် ၁၀ မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ၁၁၀ တွင် သီတင်းသုံးတော်မူသော ဆရာတော် သံဃာတော် အပါး ၁၀၀၀၀ ကျော်တို့ကို ဆေးဝါးနှင့် ဝတ္ထုငွေ စုစုပေါင်း ကျပ်သိန်း ၁၃၀၀ ကျော်ကို လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

## ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်မြို့ ဘီလူးချောင်းရေမြင့်တက်မှုကြောင့် ရေဝင်ရောက်သည့်နေရာများသို့ ကွင်းဆင်းကြည့်ရှု

**လွိုင်ကော် စက်တင်ဘာ ၂**

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းက ဘီလူးချောင်းရေမြင့်တက်မှုကြောင့် ရေဝင်ရောက်လျက်ရှိသည့် နမ့်ကွတ်ရပ်ကွက်အတွင်းရှိ နေအိမ်များ၊ ရေစီးကွေ့၊ ဒေါနိုးကူးတံတား၊ ရှမ်းပိုင်းတံတားနှင့် ကန္တရဝတီတံတားတို့၌ ဘီလူးချောင်းရေ မြင့်တက်မှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။(**ယာပုံ**)



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နမ့်ကွတ်ရပ်ကွက်အတွင်းရှိနေအိမ်အချို့၌ ဘီလူးချောင်းရေဝင်ရောက်မှုအခြေအနေများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်ကွက်နေပြည်သူများက နေအိမ်များအတွင်း ရေထပ်မံမဝင်ရောက်နိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ကယ်ဆယ်ရေးလုပ်ငန်းများအတွက် အသင့်ပြင်ဆင်ထားရှိသော မီးသတ်တပ်ဖွဲ့ဝင်များကို ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နမ့်ကွတ်ရပ်ကွက် ရေစီးကွေ့၊ ဒေါနိုးကူးတံတား၊ ရှမ်းပိုင်းတံတား၊ ကန္တရဝတီတံတားများသို့ သွားရောက်၍ ဘီလူးချောင်းရေမြင့်တက်မှု အခြေအနေကို ကြည့်ရှု၍ ရေနစ်မြုပ်မှုမရှိရန် ကာရံထားသည့် မြေထိန်းနံရံများ ကြံ့ခိုင်မှုရှိမရှိ၊ မြေထိန်းနံရံနေရာများနှင့် နေအိမ်များတွင် ဘီလူးချောင်းရေ ထပ်မံဝင်ရောက်မှုမရှိစေရေးအတွက် တပ်မတော်တပ်ရင်းတပ်ဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့များ၊ မီးသတ်တပ်ဖွဲ့များနှင့် ရပ်ကွက်နေပြည်သူများက သဲအိတ်များကာရံခြင်း၊ မြေထိန်းနံရံများပြုလုပ်ပေးခြင်း စုပေါင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ၂၄ နာရီ ရေကင်းစောင့်ကြည့်နိုင်ရေး၊ စိုးရိမ်ရေမှတ်ကျော်လွန်သည့် အခြေအနေရှိပါက အမိန့်စောင့်ဆိုင်းရန်မလိုဘဲ အချိန်နှင့်တစ်ပြေးညီ ပြည်သူများသို့ ကြေညာချက်ထုတ်ပြန်အသိပေး၍ ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို ချက်ချင်းတုံ့ပြန် ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားသည်။

လွိုင်ကော်မြို့အတွင်း ဘီလူးချောင်းရေ မြင့်တက်မှုကြောင့် ရပ်ကွက် လေးရပ်ကွက်ရှိ နေအိမ် ၁၄၄ အိမ်တွင် ရေဝင်ရောက်လျက်ရှိရာ ရေထပ်မံမြင့်တက်လာပါက ရွှေ့ပြောင်းပေးနိုင်ရေးအတွက် ယာယီခိုလှုံရေးစခန်း လေးခု စီမံဆောင်ရွက်ထားရှိပြီး ရေဘေးအန္တရာယ် ကျရောက်လာပါက စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများကြိုတင်ပြင်ဆင် ဆောင်ရွက်နိုင်ရန် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ရုံးကို ပြည်နယ်အစိုးရအဖွဲ့ ရုံးဝင်းအတွင်း၌ ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ချင်းပြည်နယ်ဝန်ကြီးချုပ် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲအခမ်းအနားတက်ရောက်

**ဟားခါး စက်တင်ဘာ ၂**

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲကို ဩဂုတ် ၂ ရက် မွန်းလွဲ ၁ နာရီက ချင်းပြည်နယ် အစိုးရအဖွဲ့ရုံး ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန် တက်ရောက်သည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က စာပေဟောပြောပွဲတွင် စာပေ၏ အကျိုးကျေးဇူးနှင့် အရေးပါမှုကို သိရှိစေရန်နှင့် စာပေဟောပြောပွဲများ ပြုလုပ်ခြင်းဖြင့် စာပေအပေါ် စိတ်ဝင်စားသူများ ပိုမိုများပြားလာစေရန်တို့ ဖြစ်ပါကြောင်း၊ စာပေဟောပြောသည့် ပုဂ္ဂိုလ်များအနေဖြင့် ဟောပြောရာတွင် စာအုပ်စာပေ ဖတ်ရှုလေ့လာမှတ်သားမှုမရှိဘဲ ဟောပြော၍ မရပါကြောင်း၊ တခြားသူများကို ပြန်လည်မျှဝေပေးနိုင်ရန်အတွက် တိကျမှန်ကန်သည့် အကြောင်းအရာများဖြစ်ရန် စာအုပ်ပေါင်းများစွာကို ဖတ်ရှုရန်လိုအပ်ပါကြောင်း၊ သို့ဖြစ်၍ စာပေဟောပြောပွဲ နားထောင်ခြင်းမှသည် စာဖတ်သည့် အလေ့အထဖြစ်ထွန်းလာစေရေးတို့အတွက် ယခုကဲ့သို့ စာပေဟောပြောပွဲ ကျင်းပရခြင်း ဖြစ်ကြောင်း ပြောကြားသည်။(**ဝဲပုံ**)

ထို့နောက် ဟားခါးတက္ကသိုလ် မြန်မာစာပါမောက္ခ ဌာနမှူး ဒေါက်တာမျိုးမင်းထွန်းက မြန်မာစာပေဖြင့် စိတ်ပိုင်းဆိုင်ရာ စွမ်းရည်မြှင့်တင်ခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သမိုင်းပါမောက္ခဌာနမှူး ဒေါက်တာ နန်းလှိုင်က ဝန်ထမ်းကောင်းမှ တိုင်းပြည်ကောင်းမည် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဥပဒေပညာဌာန တွဲဖက်ပါမောက္ခ ဌာနမှူး ဦးညီညီကျော်က ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပရခြင်း အကြောင်း သိကောင်းစရာများ ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောကြသည်။

ယင်းနောက် ဟောပြောသူများကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး ဟောပြောပွဲ တက်ရောက်လာသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

❏ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် ( ၄ )ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်ရေး။

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး တက်ရောက်



**တောင်ကြီး စက်တင်ဘာ ၂**

ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၄)နှင့် ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၄) ကို စက်တင်ဘာ ၂ ရက်နံနက် ၉ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်နယ်မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီအနေဖြင့် လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေ၊ မြေလွတ်၊ မြေရိုင်းဥပဒေ၊ နည်းဥပဒေနှင့် အညီ ခွင့်ပြုပေးနိုင်သည့် ကိစ္စရပ်များကို အမြန်ဆုံး ဆုံးဖြတ်ပြီး ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားရယူခွင့်ပြုပေးသလို ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီသို့ ဆက်လက်တင်ပြရမည့် ကိစ္စရပ်များကို အမြန်ဆုံး ထောက်ခံတင်ပြဆောင်ရွက်နေကြောင်း၊ ပြည်နယ်အတွင်းရှိ မြေလွတ်၊ မြေရိုင်းများအား ရာသီသီးနှံ၊ နှစ်ရှည်၊ ကော်ဖီ၊ မက္ကာဒေးမီးယား၊ ထောပတ်နှင့် အခြား ဈေးကွက်ဝင် ဥယျာဉ်သီးနှံများ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ရန် အတွက် လျှောက်ထားလာပါက အမြန်ဆုံး စိစစ်ထောက်ခံပေးခြင်း၊ ခွင့်ပြုပေးခြင်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။**(အပေါ်ပုံ)**

ဆက်လက်၍ ပြည်နယ်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းဝင်းက လယ်ယာမြေစီမံခန့်ခွဲရေးလုပ်ငန်း အဖွဲ့အစည်းအဝေး အမှတ်စဉ် (၃/၂၀၂၄) ဆုံးဖြတ်ချက်များ၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး အမှတ်စဉ် (၃/၂၀၂၄) ဆုံးဖြတ်ချက်များအား ဖတ်ကြားပြီး တက်ရောက်လာသည့် ကော်မတီအဖွဲ့ဝင်များက အတည်ပြုသည်။

ထို့နောက် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၄) တင်ပြချက်များဖြစ်သည့် သီးနှံအမျိုးအစားပြောင်းလဲစိုက်ပျိုးခွင့် လျှောက်ထားခြင်း၊ ပုံစံ(၇) ပြင်ဆင်လျှောက်ထားခြင်း၊ လုပ်ငန်းပြောင်းလျှောက်ထားလာခြင်း ကိစ္စ၊ အခြား တင်ပြချက်၊ ၃၀(ခ) မြေယာအယူခံ ဆုံးဖြတ်မှုများအား ဆွေးနွေးဆုံးဖြတ်ခြင်းနှင့် ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး အမှတ်စဉ် (၄/၂၀၂၄) တင်ပြချက်များအား ဆွေးနွေး၍ မြေယာအယူခံအမှုတွဲအား ဆွေးနွေးဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း**
**(တောင်ကြီး)**

# MNL-2 ပြိုင်ပွဲတွင် ရွှေပြည်သာယူနိုက်တက် ဂိုးပြတ်နိုင်ပြီး Glory Goal နိုင်ပွဲပြန်ရ

**ရန်ကုန် စက်တင်ဘာ ၂**

၂၀၂၄ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၇) ပထမနေ့ကို စက်တင်ဘာ ၂ ရက်က ကျင်းပရာ Glory Goal နှင့် ရွှေပြည်သာယူနိုက်တက် နိုင်ပွဲပြန်လည်ရရှိသည်။

စလင်းကွင်း၌ ကျင်းပသည့် ပွဲတွင် ရွှေပြည်သာယူနိုက်တက်အသင်းက ရောဝတီရိန်းဂျားအသင်းကို ငါးဂိုးပြတ် အနိုင်ရခဲ့သည်။ ရွှေပြည်သာယူနိုက်တက်အသင်းသည် နိုင်ပွဲပျောက်ဆုံးနေမှုကို အဆုံးသတ်ကာ ဒုတိယမြောက် နိုင်ပွဲရရှိသည်။ အသင်းသစ် ရောဝတီရိန်းဂျားအသင်းမှာမူ ရှုံးကန်နေရဆဲဖြစ်ပြီး ရှုံးပွဲပြန်လည်ကြုံတွေ့ခဲ့သည်။

ရွှေပြည်သာယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၂၅ မိနစ်တွင် ရန်ပိုင်လင်းထက်၊ ၄၇ မိနစ်တွင် ညဏ်လင်းထက်၊ ၄၉၊ ၅၆၊ ၆၂ မိနစ်တွင် ချစ်ထွေးတို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရွှေပြည်သာယူနိုက်တက်အသင်းမှ ကျော်မြင့်ဝင်းက ရရှိသည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် Glory Goal အသင်းက ကချင်ယူနိုက်တက်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ Glory Goal အသင်းအတွက် ဂိုးများကို ၁၆ မိနစ်တွင် မင်းခန့်သိန်း၊ မိနစ် ၅၀ တွင် ရဝေကျော်၊ ၈၂ မိနစ်တွင် ဝင်းဌေးတို့က သွင်းယူပြီး ကချင်ယူနိုက်တက်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၄၈ မိနစ်တွင် အက်စ်ဂမ်လမ်က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို Glory Goal အသင်းဂိုးသမား ဇာခြည်မောင်က ရရှိသည်။

ပွဲစဉ် (၇) ဒုတိယနေ့ကို စက်တင်ဘာ ၃ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး တက္ကသိုလ်ကွင်း၌ Chinland အသင်းနှင့် တက္ကသိုလ်အသင်း၊ စလင်းကွင်း၌ ငွေကြယ်ပွင့်အသင်းနှင့် ရာမညယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့်သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
  (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)
  (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
  (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
  (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
  (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မကွေးတိုင်းဒေသကြီး)
  (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
  (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
  (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
  (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
  (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
  (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
  (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
  (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေး ဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

ကမ္ဘာ့ဖြစ်ရပ်မှန် မြင်ကွင်းကြားက ရယူအပ်ရာ သင်ခန်းစာများ

# ညီညွတ်မှု မျိုးချစ်စိတ် ပညာဉာဏ်ဖြင့် အဆိုးထဲက အကောင်းကိုရှာ

မြင့်မြတ်

ယခုရက်သတ္တပတ်တွေအတွင်း မြန်မာနိုင်ငံရဲ့ အရှေ့၊ အနောက် အိမ်နီးချင်းနှစ်နိုင်ငံက ဝန်ကြီးချုပ်တွေ နုတ်ထွက်ခဲ့ရတဲ့ဖြစ်စဉ်တွေနဲ့တကွ မြန်ဆန်တဲ့ အပြောင်းအလဲတွေ ဖြစ်ခဲ့ပါတယ်။ အနောက်ဘက် ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဝန်ကြီးချုပ် ရှိတ်ဟာဆီနာတစ်ယောက် ပြင်းထန်တဲ့ လူထုအုံကြွမှုဒဏ်မခံနိုင်ဘဲ ပြည်ပသို့ထွက်ပြေးခဲ့ရအပြီး မကြာခင်မှာပဲ ထိုင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးကနေ အခြေခံဥပဒေချိုးဖောက်ပြီး တရားရုံးအရာရှိ တစ်ဦးကို လာဘ်ပေး လာဘ်ယူလုပ်ခဲ့သူကို ဝန်ကြီးချုပ်ရုံးဝန်ကြီးခန့်မိတဲ့ အပြစ်ထင်ရှားလို့ ဝန်ကြီးချုပ် ဆာရက်သာဗီဆင် ရာထူးက နားခဲ့ရပြန်ပါတယ်။

ထိုနှစ်နိုင်ငံနည်းတူ အိန္ဒိယနိုင်ငံမှာလည်း တိုက်တိုက်ဆိုင်ဆိုင် နိုင်ငံတစ်ဝန်း ဆန္ဒပြပွဲတွေ ဖြစ်ခဲ့တယ်။ အမိမြန်မာနိုင်ငံ အခြေအနေကြည့် ပြန်ရင်လည်း ဘက်စုံထောင့်စုံက တိုက်ခိုက်ခံနေရ ချိန်၊ ပြည်တွင်း ပြည်ပ ဖိအားအမျိုးမျိုးအောက်မှာ သွေးခွဲခံနေရချိန်၊ ပြည်တွင်းစည်းလုံးညီညွတ်မှုအား ကို အရယူကြိုးစားတည်ဆောက်နေရချိန်၊ ပြည်ပက မိတ်ဆွေစစ်စစ် မဟာမိတ်တွေရဲ့ အားကို အရယူနေ ရတဲ့ အခြေအနေမှာ အစစအရာရာ ဘက်ပေါင်းစုံက သုံးသပ်ဆောင်ရွက်နေရတဲ့ အနေအထားလည်း ဖြစ်နေတယ်။



ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်(ဟောင်း) ရှိတ်ဟာဆီနာ ရာထူးမှ နုတ်ထွက်ပြီးနောက် ပြည်ပသို့ မထွက်ခွာမီ တွေ့ရပုံ။



ကြားဖြတ်ဝန်ကြီးချုပ်ဖြစ်လာသူ မိုဟာမက်ယူနွတ် ဒါကာ၌ မီဒီယာများနှင့် တွေ့ဆုံစဉ်။

### ပထဝီနိုင်ငံရေးအခြေအနေပြောင်းလဲစေတဲ့ အိမ်နီးချင်းရဲ့အဖြစ်

ရှိတ်ဟာဆီနာ မောင်းထုတ်ခံရပြီး ကြားဖြတ် ဝန်ကြီးချုပ် ဖြစ်လာသူ မိုဟာမက် ယူနွတ်ဟာ စွန့်ဦး တီထွင် ဘဏ်လုပ်ငန်းရှင်တစ်ဦးဖြစ်ခဲ့ပြီး ထုံးစံ အတိုင်း စီးပွားရေးသမား၊ နိုင်ငံရေးသမား နိုဘယ် ဆုရှင်တစ်ဦးလည်းဖြစ်ပါတယ်။ အနောက်အုပ်စုရဲ့ ကြိုးကိုင်ခံရသူဖြစ်ပြီး အနောက်ယိမ်းသူ တစ်ဦးလို့ ဆိုကြတယ်။ ယခုကြားဖြတ်ဝန်ကြီးချုပ်ဟာ ရှိတ် ဟာဆီနာလက်ထက်မှာ ထောင်ကျခဲ့ဖူးတဲ့အတွက် နိုင်ငံရေးအာဃာတ ပြင်းထန်လာနိုင်တယ်။

တစ်ချိန်က ပြည်သူတွေရဲ့ လူမှုစီးပွားဘဝ တိုးတက်ရေးအတွက် ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေး မှာ အဓိက ဦးဆောင်သူဖြစ်ခဲ့ပြီး ပြည်သူ့အကျိုး ဆောင်ခဲ့သူဖြစ်ပေမယ့် နိုဘယ်ဆုရှင်တစ်ဦး အုပ်ချုပ် တော့မယ့် အိမ်နီးချင်းတိုင်းပြည်ရဲ့ အနာဂတ်ကို တော့ ရင်လေးမိတာ အမှန်ပဲ။ ကမ္ဘာ့သမိုင်းသင်ခန်းစာ တွေအရ စဉ်းစားမိတာဖြစ်ပါတယ်။ တိုင်းပြည် အတွက် စေတနာမှန်တယ်ဆိုဦးတော့ နိုဘယ်ဆုရှင် တွေ အုပ်ချုပ်လိုက်တဲ့ တိုင်းပြည်တချို့မှာ ပြိုကွဲ ပျက်စီးကိန်းကြုံရလေ့ရှိတဲ့အချက်ဟာ တိုက်ဆိုင်မှုမှ ဟုတ်ရဲ့လား တွေးမိတယ်။

ရှိတ်ဟာဆီနာဟာ အနောက်နဲ့ တရုတ်ကြားမှာ ခွချက်နေရာယူခဲ့ပုံရပြီး BRI အကျိုးစီးပွားအရ တရုတ်နဲ့ ပိုနီးစပ်ခဲ့တဲ့အတွက် အနောက်အုပ်စုက မျက်စိစပါးမွေးစူးခဲ့သလို ဟိန္ဒူလူနည်းစုရဲ့ ထောက်ခံမှုယူပြီး အိန္ဒိယနဲ့လည်း အလွမ်းသင့်တဲ့ အတွက် ရန်သူတော်ကြီး ပါကစ္စတန်နဲ့ မသင့်မတင့် ဖြစ်တာကြာပါပြီ။ ဝန်ကြီးချုပ်ဟောင်းအပေါ် သူ့ပြိုင်ဘက်တွေက ဘယ်လောက်အထိ အငြိုးကြီး သလဲဆိုရင် ဆူပူအုံကြွမှုအတွင်း အစိုးရရဲ့ရက်စက် ကြမ်းကြုတ်မှု လုပ်ရပ်တွေကို စစ်ဆေးဖို့ဆိုပြီး ကုလသမဂ္ဂကို မိမိနိုင်ငံအတွင်း ဖိတ်ခေါ်ထားတဲ့ အထိပါပဲ။

ကိုယ့်ပြည်တွင်းရေး ကိုယ့်အင်အားနဲ့ မဖြေရှင်းဘဲ ပြည်ပအားကိုးခြင်းဟာ အဓိကက ရှိတ်ဟာဆီနာ ကို ကလဲ့စားပစ်မှတ်ထားခြင်းဖြစ်ပြီး အနောက် ယိမ်းသမားတွေရဲ့ အမေကျော် ဒွေးတော်လွမ်းတဲ့ လုပ်ရပ်လို့ ပြောလို့ရသလို ပြည်တွင်းပြည်ပ ပူးပေါင်းထိုးနှက်ချက်တစ်ခုလည်း ဖြစ်နိုင်ပါတယ်။ တရုတ်နိုင်ငံက ဘင်္ဂလားပင်လယ်အော်ထွက်ပေါက် အတွက် အားထားရာ လက်ရုံးတစ်ယောက် လက်လွှတ်လိုက်ရတဲ့အတွက် လတ်တလော ဒီအရေးအခင်းမှာ အမေရိကန်နဲ့ တရုတ်အကြား ဘယ်သူက အသာရပြီး ဘယ်သူခံလိုက်ရသလဲဆို တာ ခပ်ရေးရေးအကဲခတ်လို့ ရနိုင်ပါတယ်။

ပင်လယ်ထွက်ပေါက်အတွက် နောက်ထပ် အချက်အချာနေရာမှာရှိနေတာက မြန်မာနိုင်ငံ ဖြစ်တယ်။ သို့ပေမယ့် နိုင်ငံရဲ့အနောက်နဲ့အရှေ့မှာ ဒီလိုတွေဖြစ်နေချိန် မြန်မာနိုင်ငံမှာတော့ ပြည်တွင်း ပြည်ပအဖျက်သမားတွေရဲ့ အဖျက်အမှောင့်မျိုးစုံနဲ့ ပြည်ဖျက်စီမံကိန်းများစွာကို အပြင်းအထန် ရင်ဆိုင် နေရချိန်လည်းဖြစ်တယ်။ အထူးသဖြင့် ပတ်ဝန်း ကျင် ပထဝီနိုင်ငံရေးအပြောင်းအလဲအရ နိုင်ငံရဲ့ အနောက်တံခါးပေါက်နဲ့ အနောက်မြောက်ပိုင်း အနေအထားက တစ်မျိုးသားလုံးသတိထားရမယ့် အခြေအနေ ဖြစ်လာပါတယ်။ စစ်ဘုရင်ဝါဒီတွေနဲ့ မူးယစ်ရာဇာအဖျက်သမားတွေရဲ့အတ္တကြောင့် နိုင်ငံ့ အချုပ်အခြာ ကျိုးပဲ့မပါရေးဟာ ယခုလိုအခြေအနေ မှာ အထူးအရေးကြီးလာပြီ ဖြစ်ပါတယ်။

### နယ်ချဲ့အလိုကျ အမျိုးသားရေးစိန်ခေါ်မှုများ ရှိလာနိုင်

ယနေ့နိုင်ငံငယ်အချို့ရဲ့ နိုင်ငံရေး ဖြစ်စဉ်တွေ အရ နိုင်ငံကြီးတွေက သူတို့ မလိုအပ်တော့တဲ့အချိန် မှာ နိုင်ငံငယ်တွေရဲ့ ခေါင်းဆောင်တွေဟာ ခေါင်းစဉ် အမျိုးမျိုး အပြခံရပြီး ဖြုတ်ချခံ၊ နုတ်ထွက်ခံလိုက်ရတဲ့ ဖြစ်စဉ်တွေ တွေ့လာရတယ်။ သူတို့အလိုကျဖြစ် အောင် အကြောင်းပြ၊ လှုံ့ဆော်ဖိအားပေးတဲ့နည်း၊ ခေါင်းမာတဲ့ ခေါင်းဆောင်ဆိုရင် မြှုပ်နှံထားတဲ့ ယူဂျီ အားနဲ့ သွေးထိုးလှုံ့ဆော်၊ တော်လှန်ရေးအမည်ခံပြီး လူထုအုံကြွမှုဖြစ်စေတဲ့ မသမာနည်းလမ်းတွေနဲ့ အစိုးရပြုတ်ကျအောင် လုပ်လာကြတယ်။

အစိုးရ မပြုတ်ကျခဲ့ရင် ပြည်တွင်းစစ်ကို ဖန်တီး၊ နိုင်ငံတွင်းသွေးချောင်းစီးစေပြီး နိုင်ငံအလုံးစုံ ပျက်သုဉ်းအောင် ဖန်တီးလေ့ရှိကြတယ်။ ရွေးကောက်ပွဲမှာ ပြည်သူ့ဆန္ဒနဲ့အညီ တက်လာတဲ့ အစိုးရဖြစ်နေဦးတော့ အနောက်လက်မည်းကြီး တွေရဲ့အလိုကို မလိုက်လျောနိုင်ရင် ဖြုတ်ချခံရတဲ့ အစဉ်အလာများစွာ ကြုံခဲ့ဖူးပြီပဲ၊ အနောက်လိုလား တဲ့ ဒီမိုကရေစီအစိုးရဖြစ်နေပေမယ့် တစ်ချိန်မှာ သူတို့ဆန္ဒအတိုင်း ဖြစ်မလာခဲ့ရင်လည်း ဖြုတ်ချခံရ ကိန်းရှိတယ်။

ယူကရိန်း၊ ပါကစ္စတန်၊ ယခု ဘင်္ဂလားဒေ့ရှ် အခြေအနေတွေကနေ လေ့လာလို့ ရနိုင်ပါတယ်။ ရှိတ်ဟာဆီနာဆိုရင် စိန့်မာတင်ကျွန်းမှာ စစ် အခြေစိုက်စခန်းတည်ခွင့် အမေရိကန်က တောင်းခဲ့ တာကို ငြင်းပယ်ခဲ့တဲ့အတွက် နိုင်ငံတွင်း သွေးချောင်းစီးခဲ့ရပြီး ယခုလိုသူရာထူးက ဆင်းပေး ရတဲ့ အခြေအနေရောက်ခဲ့ရကြောင်း ဖော်ထုတ်ခဲ့ တာကို ကြည့်ပြီးသုံးသပ်နိုင်ပါတယ်။ သူကျရှုံးရပြီး နောက်ထပ်ဝန်ကြီးချုပ် အသစ်တက်လာပေမယ့် နိုင်ငံရဲ့ လူ့အဖွဲ့အစည်းအတွင်းမှာတော့ အက်ကြောင်း တွေဖြစ်သွားခဲ့ရပါပြီ။ ဒီအကွဲအပြဲဟာ အနောက် နယ်ချဲ့တို့အကြိုက် ရေရှည်ပုံဖော်ထားတဲ့ ဒေသ တွင်းမှာ ဖြစ်လာနိုင်တဲ့ ပဋိပက္ခတစ်ခုအဖြစ် ကြိုတင် မြင်ထားဖို့လိုပါတယ်။ ဘင်္ဂလားဒေ့ရှ်နဲ့ မြန်မာနိုင်ငံ အနောက်ဘက်နယ်စပ်က အကြမ်းဖက်တွေကို အသုံးချပြီး ကျွန်တော်တို့ရဲ့ အနောက်တံခါးပေါက် အချုပ်အခြာ ပွဲ့ပါမယ့်အရေး ခြိမ်းခြောက်မှုတစ်ခု ဖြစ်လာနိုင်ပါတယ်။

နှစ်နိုင်ငံနယ်စပ်မှာ ဘာသာခြား၊ လူမျိုးခြား နိုင်ငံသစ်တစ်ခုပေါ်ထွန်းလာရေး အနောက်နယ်ချဲ့ တို့ရဲ့ အိပ်မက်ကို အထူးသတိထားရပါမယ်။ ဒါကြောင့် အထက်မှာတင်ပြ ခဲ့သလို တစ်မျိုးသားလုံး သတိထားရမယ့် အမျိုးသားရေးဆိုတာ ဒီအချက်ကို ပဲ ပြောတာပါ။ အနောက်အုပ်စုဟာ တရုတ်၊ ရုရှား ယိမ်းတဲ့အစိုးရတွေ အမျိုးသားရေးအားသန်တဲ့ အစိုးရတွေဆိုရင် မနှစ်မြို့ပါဘူး။ သင်ခန်းစာများအရ ကမ္ဘာ့အင်အားကြီး တော်တော်များများဟာ နိုင်ငံ ငယ်တွေရဲ့ ပြည်တွင်းရေး ပဋိပက္ခအတွင်း အင်အားစု တွေအကြား မျှခြေတစ်ခုဖြစ်အောင် ဘယ်တော့မှ ဖန်တီးလေ့မရှိကြတဲ့အတွက် တစ်ဖက်က ဖိအား လျော့သွားခဲ့ရင် ကျန်တဲ့ဆန့်ကျင်ဘက်ကနေ ဖိအား ပြင်းပြင်းထန်ထန် ပေးတတ်တဲ့အကျင့်ကိုလည်း ထည့်တွက်ရပါမယ်။

### ထာဝရမိတ်ဆွေ ထာဝရန်သူ

အရေးကြီးတဲ့အချက်က ဘယ်သူက ထာဝရ မိတ်ဆွေ၊ ဘယ်သူက အမြဲတမ်းရန်သူ ဖြစ်သလဲ ဆိုတာပဲ။ ယနေ့ကမ္ဘာနဲ့ မြန်မာအခင်းအကျင်းအပေါ် မြင်သိကြားသိချက်တွေအရ အမြဲတမ်းမိတ်ဆွေ၊ အမြဲတမ်းရန်သူရယ်လို့လည်း မရှိပြန်ပါဘူး။ ရန်သူ ရဲ့ရန်သူဟာ မိမိရဲ့မိတ်ဆွေဖြစ်နေတဲ့အတွက် မိမိ အကျိုးစီးပွားကို ကြည့်ပြီး ရေတို၊ ရေရှည်မဟာမိတ် ဆိုတာ ရှိရမှာပါပဲ။ အကျိုးစီးပွားပဓာနဖြစ်တဲ့အတွက် နိုင်ငံအချင်းချင်းကြားမှာ *စာမျက်နှာ ၁၁ သို့*

- ယနေ့နိုင်ငံငယ်အချို့ရဲ့ နိုင်ငံရေး ဖြစ်စဉ်တွေအရ နိုင်ငံကြီးတွေက သူတို့ မလိုအပ်တော့တဲ့အချိန်မှာ နိုင်ငံငယ်တွေရဲ့ ခေါင်းဆောင်တွေဟာ ခေါင်းစဉ်အမျိုးမျိုး အပြခံရပြီး ဖြုတ်ချခံ၊ နုတ်ထွက်ခံလိုက်ရတဲ့ ဖြစ်စဉ်တွေ တွေ့လာရတယ်။ သူတို့အလိုကျဖြစ်အောင် အကြောင်းပြ၊ လှုံ့ဆော်ဖိအားပေးတဲ့နည်း၊ ခေါင်းမာတဲ့ ခေါင်းဆောင်ဆိုရင် မြှုပ်နှံထားတဲ့ ယူဂျီအားနဲ့ သွေးထိုးလှုံ့ဆော်၊ တော်လှန်ရေးအမည်ခံပြီး လူထုအုံကြွမှု ဖြစ်စေတဲ့ မသမာနည်းလမ်းတွေနဲ့ အစိုးရပြုတ်ကျအောင် လုပ်လာကြတယ်
- ယူကရိန်း၊ ပါကစ္စတန်၊ ယခု ဘင်္ဂလားဒေ့ရှ် အခြေအနေတွေကနေ လေ့လာလို့ ရနိုင်ပါတယ်။ ရှိတ်ဟာဆီနာဆိုရင် စိန့်မာတင်ကျွန်းမှာ စစ်အခြေစိုက်စခန်းတည်ခွင့် အမေရိကန်က တောင်းခဲ့တာကို ငြင်းပယ်ခဲ့တဲ့အတွက် နိုင်ငံတွင်းသွေးချောင်းစီးခဲ့ရပြီး ယခုလို သူရာထူးက ဆင်းပေးရတဲ့ အခြေအနေရောက်ခဲ့ရကြောင်း ဖော်ထုတ်ခဲ့တာကို ကြည့်ပြီးသုံးသပ်နိုင်ပါတယ်




## တနင်္သာရီမြို့နယ်၌ အမျိုးသမီးအခြေခံအပ်ချုပ်စက် နှစ်လသင်တန်းဆင်း

**တနင်္သာရီ စက်တင်ဘာ ၂**

တနင်္သာရီတိုင်း ဒေသကြီး တနင်္သာရီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကြီးမှူး၍ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ပိုမိုတွင်ကျယ်စွာ ဆောင်ရွက်နိုင်စေရန်၊ အမျိုးသမီးများ စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဆင်းရဲမှုလျှော့ချစေရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေကာ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် နှစ်လအကြာ ဖွင့်လှစ်သင်ကြားပေးခဲ့သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုပညာ (အမျိုးသမီး အခြေခံအပ်ချုပ်စက်) သင်တန်းဆင်းပွဲကို စက်တင်ဘာ ၂ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထို့နောက် အမျိုးသမီးအခြေခံ အပ်ချုပ်စက်) သင်တန်းသူ ၁၅ ဦးတို့အား ဌာနဆိုင်ရာ တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များနှင့် ထူးချွန်ဆုရရှိသူ မဇီဇဝါအား ဆုချီးမြှင့်ပေးအပ်သည်။

အဆိုပါသင်တန်းသို့ ဒေသခံအမျိုးသမီးသင်တန်းသူ ၁၅ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဇူလိုင် ၁ ရက်မှ ဩဂုတ် ၃၁ အထိ နှစ်လဖြစ်ပြီး သင်တန်းတွင် စက်ပစ္စည်းထိန်းသိမ်းနည်း၊ ခေးစက် အပ်ချည်ထိုးနည်း၊ လက်ချုပ်၊ ကြယ်သီးဖောက်၊ ရိုးရိုးဇစ်တပ်နည်းနှင့် ဇစ်ပျောက်တပ်နည်း၊ (၃)လွှာ/ (၄)လွှာချိတ်ထမီ၊ ပတ်ထမီ၊ နောက်ဇစ်ရင်စေ့၊ ရင်ဆိုင်၊ ရင်ဖုံး၊ ရင်ပတ်ဆက်၊ လည်ပင်းပုံစံအမျိုးမျိုး၊ အသင့်ချုပ်ပြီး အင်္ကျီအမျိုးမျိုးနှင့် ပုံဆန်းချုပ်ပုံနည်းများ စသည်တို့ကို နည်းပြဆရာမ ဒေါ်အေးမြတ်သူက လေ့ကျင့်သင်ကြားပေးသည်။

**နန်းသာရီ-ထိန်ဝင်း**
**(ပြန်/ဆက်)**

## ကျောက်ဖြူလေဆိပ်၌ ခရီးသွားပြည်သူများအား မျောက်ကျောက်ကာကွယ်ရေး ကျန်းမာရေးစစ်ဆေး

**ကျောက်ဖြူ စက်တင်ဘာ ၂**

ရခိုင်ပြည်နယ် ကျောက်ဖြူလေဆိပ်၌ Mpox(မျောက်ကျောက်)ရောဂါ ကူးစက်မှုများမဖြစ်ပွားစေရန်နှင့် ကြိုတင်ကာကွယ်မှုများပြုလုပ်နိုင်ရန်အတွက် ယနေ့နံနက်ပိုင်းက ကျန်းမာရေးဌာနမှ ဝန်ထမ်းများက ခရီးသွားပြည်သူများအား ကျန်းမာရေးစစ်ဆေးဆောင်ရွက်ပေးသည်။

မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောက်ဖြူမြို့မှ ရန်ကုန်မြို့သို့ လေယာဉ်စီးနင်း လိုက်ပါကြမည့် ခရီးသည်များ၊ ရန်ကုန်မြို့မှ ကျောက်ဖြူမြို့သို့ လာရောက်ကြသည့် ခရီးသွားပြည်သူများကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ မျောက်ကျောက်ရောဂါကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးလျက်ရှိရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ကြည့်ရှုအားပေးသည်။

အဆိုပါ မျောက်ကျောက်ရောဂါ သံသယဖြစ်ဖွယ်လက္ခဏာများ ဖြစ်ပွားပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့၍ ကျန်းမာရေးစောင့်ရှောက်မှုများခံယူရမည်ဖြစ်ကြောင်း မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက အသိပေးပြောကြားသည်။

**တင်ထွန်းဦး(ပြန်/ဆက်)**



## (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် "လှပသာယာ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

**နေပြည်တော် စက်တင်ဘာ ၂**

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **"လှပသာယာ ပြည်မြန်မာ"** ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပါသည်။ အဆိုပါပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုများနှင့် ရိုးရာယဉ်ကျေးမှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့် သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များစသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသော ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရပါမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများသာ ဖြစ်ရမည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ x ၁၅ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်ပြီး Hard Copy နှင့် Soft Copy (CD) ကို တစ်ပါတည်း ပူးတွဲပေးပို့ရပါမည်။ ဒစ်ဂျစ်တယ် နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်း ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသောဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူ အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ ဓာတ်ပုံ၏ အကြောင်းအရာ၊ ရိုက်ကူးသည့် နေရာဒေသတို့ကို ဓာတ်ပုံများ၏ နောက်ကျော၌ သီးခြားစက္ကူဖြင့်ရေးကပ်၍ ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၃၁- ၁၀ - ၂၀၂၄ ရက်နေ့ ညနေ ၄ နာရီနောက်ဆုံးထား၍ ညွှန်ကြားရေးမှူး (ထုတ်လုပ်)၊ ထုတ်လုပ်ရေးဌာနခွဲ(ရန်ကုန်)၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ် (၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန် မြို့၊ ဖုန်း ၀၁-၈၃၇၁၃၄၂၊ ၀၁-၈၃၈၄၈၁၃ သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။

**သတင်းစဉ်**

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

*စာမျက်နှာ ၁၀ မှ*

စိတ်ရင်းနဲ့ ပြောဆိုကြခြင်း ဟုတ်မဟုတ် မှန်းရခက်ပါတယ်။

အစ္စရေး - ဟားမားစ်ပဋိပက္ခမှာ အမေရိကန်က လူသားချင်းစာနာထောက်ထားပြီး အပစ်အခတ်ရပ်ကြဖို့ အသံကောင်းဟစ်နေပေမယ့် တစ်ချိန်တည်းမှာ သူကိုယ်တိုင်က အစ္စရေးကို လူသတ်လက်နက်တွေ ဆက်တိုက်ထောက်ပံ့နေပြီး အပြောတစ်မျိုး အလုပ်တစ်မျိုးဖြစ်နေမှုကို မြင်နိုင်ရပါမယ်။ ဒါကြောင့် မဟာမိတ်စစ်စစ်ဆိုသည်မှာ အရေးကြုံရင် ကျောချင်းကပ်နိုင်ရမယ်၊ တစ်ဖက်ရဲ့ စိုးရိမ်ပူပန်မှုကို စာနာနားလည်ပြီး ကူညီပံ့ပိုးမှုပြုနိုင်ရမယ်၊ တစ်ဦးရဲ့ အချုပ်အခြာကို တစ်ဦးက အပြန်အလှန် လေးစားမှုများ ရှိနေရမယ့်အပြင် လိုအပ်ရင် တစ်ဦးနဲ့ တစ်ဦးက ကာကွယ်ပေးနိုင်ရမယ်။ ဒါမှမဟာမိတ်ဖြစ်ပါတယ်၊ မိတ်ဆွေအစစ်ဖြစ်ပါတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

ဘယ်အရာမဆို အခွင့်အလမ်းဆိုတာ အမြဲမရနိုင်တဲ့ ကျွန်တော်တို့အတွက်တော့ မိတ်ဆွေရဖို့ဆိုရင် ယုံကြည်မှုတစ်ခုကို အပြန်အလှန် တည်ဆောက်နိုင်ရမယ်ဆိုတဲ့ အချက်ကလည်း အဖိုးတန်တဲ့ သင်ခန်းစာတစ်ခုဖြစ်မှာပါ။ ယုံကြည်မှုကို အပြန်အလှန် မတည်ဆောက်နိုင်ကြတဲ့အတွက် နိုင်ငံအချင်းချင်းခွာပြဲရတဲ့ အနေအထားထိ ရောက်သွားခဲ့ရပုံကို အိမ်နီးချင်းနိုင်ငံနှစ်ခုက ဝန်ကြီးချုပ်တွေရဲ့ ဖြစ်အင်ကိုကြည့်ပြီး သင်ခန်းစာယူလို့ရနိုင်ပါတယ်။ ဒါပေမယ့်အမှန်တရားဟာ ဘယ်လောက်ပဲမှန်နေနေ အင်အားကြီးတို့ရဲ့ မီဒီယာထိုးစစ်အောက်မှာ ပျောက်ကွယ်သွားနိုင်တယ်၊ ပြည်သူ့အားဆိုတာကလည်း ကိုယ်ခံအား မကောင်းရင် အင်အားကြီးတို့ရဲ့ ဓနအင်အားနဲ့ ဖုံးလွှမ်းထားတဲ့ ဝါဒမှိုင်းအောက်မှာ ရှုံးနိမ့်ရနိုင်တယ်။ တကယ်တော့ ကိုယ်ခံအားဆိုတာ မျိုးချစ်စိတ်ဓာတ်နဲ့ ပညာဉာဏ်ကို အခြေခံတဲ့ ယုံကြည်ချက်၊ ခံယူချက်ပါပဲ။ အထူးသဖြင့် အနာဂတ်ကို ပိုင်ဆိုင်မယ့် လူငယ်ထုအတွက်ဆိုရင် ပိုအရေးကြီးကြောင်း ဒီနေရာကနေ တင်ပြလိုပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ်ပါ၊ အဓိကကတော့ ပြည်တွင်းအင်အားပါပဲ။ အားလုံးရဲ့ ညီညွတ်မှု၊ စည်းလုံးမှုကသာ အခရာပါ။ ယနေ့ကမ္ဘာ့အရေးအခင်းတွေဟာ မျက်စိလည် လမ်းမှားစရာ တစ်ပုံတစ်ပင်နဲ့ အင်မတန်ရှုပ်ထွေးပါတယ်။ မထင်မှတ်ထားတဲ့ အရာတွေ အများကြီးကြားမှာ ကိုယ့်ဘက်က ပညာဉာဏ်ပြည့်ဝစွာနဲ့ လုပ်နိုင်ကိုင်နိုင် စဉ်းစားနိုင်မှ တော်ကာကျပါမယ်။ မဟုတ်ရင် အလိမ်ခံရမယ်၊ အဖြူအမည်း မခွဲခြားနိုင်ဘဲ လမ်းမှားရောက်ရတတ်ပါတယ်။ စည်းလုံးညီညွတ်မှု အားနဲ့အတူ နိုင်ငံရဲ့စီးပွားရေး၊ စစ်ရေးအင်အားကို ဖွံ့ဖြိုးတိုးတက်အောင်၊ ဖွံ့ဖြိုးမှုကတစ်ဆင့် နိုင်ငံအခြေအနေတည်ငြိမ်အေးချမ်းနေအောင် ကျွန်တော်တို့အားလုံး လက်တွဲဆောင်ရွက်ကြရပါမယ်။

ကိုယ့်ပြည်တွင်းအားက ခိုင်မာနေရင် ခွန်အားရှိနေရင် ဘယ်လိုရန်သူမျိုးကိုမဆို တွန်းလှန်နိုင်မယ်၊ ဘယ်လို လှည့်စားမှုမဆို ချေဖျက်နိုင်ပါမယ်။ တစ်ကောင်တည်းနေလို့လည်း မရတဲ့အတွက် မိတ်ဆွေဆိုတာလည်း ရှိရမှာပါ။ ဆိုခဲ့သလို အမြဲတမ်းရန်သူမရှိ၊ အမြဲတမ်း မိတ်ဆွေဆိုလည်း မရှိ၊ ကိုယ့်ရဲ့ရန်သူဟာ ကိုယ့်မိတ်ဆွေပဲဆိုတဲ့ စကားရပ်အတိုင်း ရလာတဲ့အခွင့်အလမ်းကို အမိအရဆုပ်ကိုင်ပြီး မိမိတို့အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အားသာချက်တွေကို ဆက်လက်တည်ဆောက်ကြရပါမယ်။

အရေးကြီးဆုံးသော ရင်းမြစ်အင်အားကတော့ နောင်တစ်ချိန် အားကိုးရမယ့် ယနေ့ လူငယ်တွေပါပဲ။ ကျွန်တော်တို့လူငယ်လေးတွေဟာ ယခုလိုကာလမှာ ကမ္ဘာ့အရေး၊ မြန်မာ့အရေးများစွာကို ကောင်းကောင်းလေ့လာနိုင်တဲ့ အခွင့်အရေးတွေ ရရှိလာနေပါပြီ။ ဖြစ်စဉ်ဖြစ်ရပ်တွေကို လေ့လာတွက်ချက်ပြီး အကြောင်းနဲ့အကျိုး ဆက်စပ်မှုကဘာလဲ၊ ငါတို့ပြည်တွင်းရေးမှာ မီးရှို့သူလက်မည်းနဲ့ ရန် - ငါပြတ်ရမယ့်သူက ဘယ်သူလဲ၊ လောင်နေတဲ့မီး ငြှိမ်းပေးမယ့် မိတ်ဆွေစစ်က ဘယ်သူဖြစ်မလဲ၊ အနီးစပ်ဆုံးသုံးသပ်ဆက်စပ် ခွဲခြမ်းစိတ်ဖြာပြီး အဆိုးထဲက အကောင်းကို အဖြေရှာနိုင်ဖို့က အဓိကကျလာပါပြီ။ ထို့အတွက် ကျွန်တော်တို့အားလုံးမှာ ညီညွတ်မှု မျိုးချစ်စိတ်နဲ့ ပညာဉာဏ်များ ကြီးမားဖို့ရာ ယခုလိုအချိန်မှာပိုလို့ပိုလို့သာအရေးကြီးနေပါတော့တယ်။ ။

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး မိုးစပါးအတွက် ယူရီးယားဓာတ်မြေဩဇာ ထောက်ပံ့ပေးအပ်ခြင်း၊ တောင်သူတွေ့ဆုံပွဲအခမ်းအနားနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာအုပ်စု ခရမ်းကိုင်းကွင်း ဧက ၂၀၀ ရှင်းလင်းဆောင်ရွက်ပြုလုပ်သည့် မိုးစပါးအတွက် ယူရီးယားဓာတ်မြေဩဇာ ထောက်ပံ့ပေးအပ်ခြင်းနှင့် တောင်သူတွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့က နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တောင်သူများ တက်ရောက်ကြသည်။



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးစဉ်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး နေပြည်တော် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန တည်ဆောက်ရေး-၅ မှ ညွှန်ကြားရေးမှူး ဦးကိုကိုနိုင်က ဆည်ရေသိုလှောင်ထားရှိမှု အခြေအနေနှင့် ဆည်ရေပေးဝေမှု အခြေအနေများအား လည်းကောင်း၊ နေပြည်တော် စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်ဦးက စက်ကိရိယာများ သုံးစွဲနိုင်ရေး အခြေအနေများအား လည်းကောင်း၊ လယ်ဝေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးစောဝင်းက စိုက်ပျိုးထုတ်လုပ်မှု အခြေအနေများကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြပြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တောင်သူများထံ မိုးစပါးစီမံကိန်းအတွက် သွင်းအားစုများ ပေးအပ်ကြသည်။ ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ် ရှမ်းစုကျေးရွာအုပ်စု ရှမ်းစု (န)ကျေးရွာ ပလွေးချောင်းသို့ ရောက်ရှိပြီး နေပြည်တော် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇေယျာထွန်းက ကမ်းပြိုကာကွယ်ရေး အတွက် ယာယီကမ်းထိန်းနံရံ ဆောင်ရွက်ခြင်း လုပ်ငန်းကို လည်းကောင်း၊ လယ်ဝေးမြို့နယ် ကန်လှကျေးရွာ ဦးငွေးထက်၏ စပါးအခြောက်ခံစက်တွင် စပါးခွံမှ Bio Char ပြုလုပ်နေမှုနှင့် စပါးအခြောက်ခံမှု အခြေအနေကို လည်းကောင်း၊ ကန်လှကျေးရွာရှိ တောင်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေးလုပ်ငန်းအခြေအနေများကိုလည်းကောင်း၊ Myanmar Jewellery e-Commerce Zone Online Market စီမံကိန်းနှင့် ပတ်သက်သည့် တည်ဆောက်ရေးလုပ်ငန်းပြီးစီးမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက် ဝန်ထမ်းအိမ်ရာများအတွင်းရှိ ရေမြောင်းများကို နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ လုပ်သားများ၊ စက်ယန္တရားများဖြင့် ဆယ်ယူရှင်းလင်းဆောင်ရွက်နေမှု အခြေအနေများ၊ ပုဗ္ဗသီရိမြို့နယ် သီရိမဏ္ဍိုင် လမ်းတစ်လျှောက် ရေမြောင်းများ ပိတ်ဆို့မှုမရှိစေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် စက်ယန္တရားများဖြင့် ရှင်းလင်းဆောင်ရွက်နေမှုအခြေအနေနှင့် ဥတ္တရသီရိမြို့နယ် စက်စက်ယိုချောင်းအတွင်း ရေတိုက်စားမှုကြောင့် တင်ကျန်နေသည့် သဲသောင်ခုံများအား စက်ယန္တရားများဖြင့် ရှင်းလင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

# တာချီလိတ်မြို့ ရေကြီးရေလျှံမှု ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

**တာချီလိတ် စက်တင်ဘာ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ဩဂုတ်လအတွင်း မိုးအဆက်မပြတ် ရွာသွန်းခြင်းနှင့် တောင်ကျရေများ စီးဆင်းမှုကြောင့် မယ်ဆိုင်ချောင်းရေမြင့်တက်ပြီး မြို့ပေါ်ရှိ ဗိုလ်ချုပ်လမ်းမကြီးအပါအဝင် အနိမ့်ပိုင်းရပ်ကွက်များတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် ရေကြီးရေလျှံမှုကြောင့် တင်ကျန်ရစ်သော အမှိုက်များနှင့် ရွှံ့နွံများ ရှင်းလင်းနေမှုကို ဩဂုတ် ၃၁ ရက်က ရှမ်းပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်နှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးသည်။

ရေကြီးရေလျှံမှုကြောင့် တာလေ့ရပ်ကွက်အတွင်း တင်ကျန်ရစ်သော အမှိုက်များနှင့်ရွှံ့နွံများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာရေးဌာနတို့၏ ဦးဆောင်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများက စက်ယန္တရားများဖြင့် ဝိုင်းဝန်းဖယ်ရှား ရှင်းလင်းလျက်ရှိသည်။

ထို့နောက် အမှတ်(၁)ချစ်ကြည်ရေးတံတားအောက်မှ တာလေ့ရပ်ကွက်အတွင်းသို့ မယ်ဆိုင်ချောင်းရေမြင့်တက်ပြီး ရေဝင်ရောက်မှုအား ကာကွယ်နိုင်ရေးအတွက် ရေထိန်းနံရံတည်ဆောက်နိုင်ရေးနှင့် ပုန်ထွန်ရပ်ကွက်တွင် ရေထိန်းတံခါးတည်ဆောက်နိုင်ရေးများ ကွင်းဆင်းကြည့်ရှုရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းကိုနှင့် မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးကျော်မင်းထိုက်တို့က လိုက်လံရှင်းလင်းပြသခဲ့ပြီး ပြည်နယ်လူမှုရေးရာဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**သန်းဇော်(တာချီလိတ်)**



# မိုင်းဖြတ်မြို့နယ် နမ့်ယွန်းနှင့် ပါလောင်းကျေးရွာတို့၌ စာကြည့်တိုက်များ ဖွင့်လှစ်မည်

**မိုင်းဖြတ် စက်တင်ဘာ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ မြို့နယ်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ မြို့နယ်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးညီညီအောင်က စာကြည့်တိုက်အသစ်တည်ဆောက်ခြင်း၊ ပြန်လည်ပြုပြင်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ပြောကြားသည်။

မိုင်းဖြတ်မြို့နယ်၌ နမ့်ယွန်းကျေးရွာ စာကြည့်တိုက်ကို ကျပ်သိန်း ၁၀၀၊ ပရိဘောဂနှင့် စာအုပ်စာစောင်များအတွက် ကျပ်သိန်း ၅၀ နှင့် ပါလောင်းကျေးရွာစာကြည့်တိုက် ပြန်လည်ပြုပြင်ရေးအတွက် ကျပ်သိန်း ၅၀ အသုံးပြုဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးဝင်းခိုင်ထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ဒလမြို့နယ် ကမာကဆစ်ဈေး (ဃ) ဈေးရုံတန်း ဆောက်လုပ်နေမှု ၉၀ ရာခိုင်နှုန်းပြီးစီး

**ရန်ကုန် စက်တင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (ဈေးများနှင့် ကုန်စည်ပွဲရုံများဌာန) ကမာကဆစ်ဈေး (ဃ) ဈေးရုံတန်း ဆောက်လုပ်နေမှုမှာ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း ကမာကဆစ်ဈေး တာဝန်ခံရုံးမှ သိရသည်။

အဆိုပါ (ဃ) ဈေးရုံတန်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်နေခြင်းဖြစ်ပြီး အလျား ၁၇၈ ပေ၊ အကျယ် ၁၀ ပေ ရှိပြီး အခန်းပေါင်း ၂၁ ခန်း ပါဝင်ကြောင်း သိရသည်။

"အဲဒီဈေးရုံတန်းက အရင်တုန်းက ဆန်ရောင်းတဲ့ ဆန်ဆိုင်တွေ၊ ကုန်ခြောက်ဆိုင်တစ်ခန်း၊ ရွှေဆိုင်တစ်ခန်းလည်း ရှိတယ်၊ ဟောင်းနွမ်းနေပြီ။ အဲဒါကိုပြန်ဆောက်ပေးတာ၊ ဈေးဆိုင်တန်းအသစ်ဖြစ်သွားတော့ ဈေးရောင်းသူတွေရော ဈေးဝယ်သူတွေအတွက်ပါ ကောင်းတာပေါ့" ဟု အဆိုပါ ကမာကဆစ်ဈေး အတွင်း ဈေးရောင်းသူ ဦးကျော်ကျော်မိုးက ပြောသည်။



ဟောင်းနွမ်းနေသည့် (ဃ) ဈေးရုံတန်းကို အသစ်ပြန်လည်ဆောက်လုပ်ပြီးစီးပါက မူလဈေးရောင်းချသူများအား ပြန်လည်ရောင်းချခွင့်ပြုမည်ဖြစ်ပြီး စက်တင်ဘာလကုန်တွင် ပြန်လည် ရောင်းချနိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (ဈေးများနှင့် ကုန်စည်ပွဲရုံများဌာန) ဒလမြို့နယ်ကမာကဆစ်ဈေးတွင် ဈေးရုံပေါင်း ရှစ်ရုံနှင့် ဈေးဆိုင်ခန်းပေါင်း ၃၈၃ ခန်းဖြင့် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ရောင်းချလျက်ရှိပြီး ဒလမြို့နယ်တွင် စည်ကားသည့် ဈေးလည်းဖြစ်ကြောင်း သိရသည်။

**မောင်ယဉ်ဦး**

# သက်ကြီးဘိုးဘွားများအတွက် ဆန်နှင့် ကြက်ဥ ထောက်ပံ့

**ညောင်ဦး စက်တင်ဘာ ၂**

ရန်ကုန်မြို့ ဝေမျှခြင်းပရဟိတအဖွဲ့က ညောင်ဦးမြို့နယ် တောင်ဘီကျေးရွာမှ သက်ကြီးဘိုးဘွားများအတွက် ဆန်နှင့် ကြက်ဥများကို စက်တင်ဘာ ၁ ရက်က အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ ထောက်ပံ့လှူဒါန်းရာတွင် ရန်ကုန်မြို့ ဝေမျှခြင်းပရဟိတအဖွဲ့မှ အဖွဲ့ဝင် ဦးဝင်းမင်းထွန်းဦးဆောင်၍ ပရဟိတအသင်းသားများက ညောင်ဦးမြို့နယ် တောင်ဘီကျေးရွာရှိ အသက် ၇၅ နှစ်အထက် သက်ကြီးဘိုးဘွား ရှစ်ဦးအား တစ်ဦးလျှင် ဆန်နှစ်ပြည်၊ ကြက်ဥ ၁၀ လုံးစီ အိမ်တိုင်ရာရောက် ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# အိန္ဒိယတောင်ပိုင်းပြည်နယ်များတွင် မိုးအဆက်မပြတ် သည်းထန်စွာရွာသွန်းမှုကြောင့် ၂၇ ဦး သေဆုံး

**နယူးဒေလီ စက်တင်ဘာ ၂**

အိန္ဒိယနိုင်ငံတောင်ပိုင်း ပြည်နယ်များဖြစ်သည့် တေလန်ဂါနာနှင့်အန်ဒရာပရာဒက်ရှ်ပြည်နယ်တို့တွင် မိုးအဆက်မပြတ် သည်းထန်စွာရွာသွန်းမှုကြောင့် သေဆုံးသူပေါင်း ၂၇ ဦးအထိရှိလာကြောင်း တနင်္လာနေ့တွင် တာဝန်ရှိသူများက ပြောသည်။

**ရေလွှမ်းမှုများဖြစ်ပေါ်**

အဆိုပါမိုးသည် စနေနေ့မှစတင်ကာ တနင်္ဂနွေနေ့အထိ အဆက်မပြတ်သည်းထန်စွာရွာသွန်းခဲ့သောကြောင့် ဒေသအများအပြားတွင် ရေကြီးရေလျှံမှုများနှင့် ရေလွှမ်းမှုများဖြစ်ပေါ်စေခဲ့သည်။

ယင်းဖြစ်ရပ်ကြောင့် တေလန်ဂါနာပြည်နယ်တွင် ၁၅ ဦးနှင့် အန်ဒရာပရာဒက်ရှ်ပြည်နယ်တွင် ၁၂ ဦး ထက်မနည်း သေဆုံးမှုဖြစ်ပွားခဲ့သည်။ ပြည်နယ်နှစ်ခုလုံးရှိ ပြည်နယ်ဘေးအန္တရာယ်တုံ့ပြန်ရေးတပ်ဖွဲ့နှင့် အမျိုးသားဘေးအန္တရာယ်တုံ့ပြန်ရေးတပ်ဖွဲ့တို့မှ ကယ်ဆယ်ရေးသမားများသည် ရေဘေးသင့်ဒေသများမှ ပြည်သူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခြင်းနှင့် ကယ်ဆယ်ရေးစခန်းများသို့ ပို့ဆောင်ခြင်းများ လုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။

**ရထားအစင်း ၁၀၀ ကျော်ကို ဖျက်သိမ်း**

ဒေသအများအပြားတွင် ရေကြီးရေလျှံမှုနှင့် ရေလွှမ်းမှုများ ဖြစ်ပေါ်နေသည့်အတွက် တောင်ပိုင်း ဗဟိုမီးရထားကွန်ရက်သည် ရထားအစင်း ၁၀၀ ကျော်ကို ဖျက်သိမ်းခြင်းနှင့် အခြားအများအပြားကိုလည်း လမ်းကြောင်းပြောင်းခြင်းများ လုပ်ဆောင်ခဲ့ရကြောင်း သိရသည်။ **ဆင်ဟွာ**



## ဓားစာခံရုပ်အလောင်း ခြောက်ခုရရှိပြီးနောက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို အစ္စရေးဆန္ဒပြသူများတောင်းဆို

**ဂျေရုဆလင် စက်တင်ဘာ ၂**

အစ္စရေးနိုင်ငံတွင် ဆန္ဒပြသူများသည် ဂါဇာကမ်းမြောင်တွင် ဖမ်းဆီးထိန်းသိမ်း ခံရသူများ၏ လွတ်မြောက်ရေးကို လုံခြုံစိတ်ချမှုရှိစေရန် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်တစ်ရပ်ကို တောင်းဆိုခဲ့သည်။

တနင်္ဂနွေနေ့တွင် အစ္စရေးနိုင်ငံတစ်ဝန်း ဆန္ဒပြပွဲများ ပြုလုပ်ခဲ့ကြသည်။ အစောပိုင်းတွင် ဂါဇာကမ်းမြောင်တောင်ပိုင်း ရာဖာရှိ မြေအောက် ဥမင်လိုဏ်ခေါင်းတစ်ခုအတွင်းမှ ရုပ်အလောင်းခြောက်ခုရရှိခဲ့ကြောင်း အစ္စရေးတပ်မတော်က ထုတ်ပြန်ကြေညာထားသည်။

လူပေါင်း ၁၀၀၀ ကျော်သည် ဝန်ကြီးချုပ်ရုံး အပြင်ဘက်တွင် စုရုံးဆန္ဒပြခဲ့ကြကြောင်း သိရသည်။ ၎င်းတို့သည် ဂါဇာမှ အစ္စရေးတပ်ဖွဲ့ဝင်များ အလုံးစုံ ရုပ်သိမ်းရေးအတွက် ဟားမားစ်အဖွဲ့၏ တောင်းဆိုချက်ကို လက်ခံခဲ့လျှင်တောင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ကျန်ရှိနေသော ဓားစာခံများ လွတ်မြောက်ရေးတို့အတွက် တောင်းဆိုခဲ့ကြသည်။

ဆန္ဒပြပွဲတွင်ပါဝင်သည့် အမျိုးသမီးတစ်ဦးက ညှိနှိုင်းဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိသော်လည်း အစ္စရေးအစိုးရသည် ဓားစာခံများ အသက်ရှင်လျက် အိမ်ပြန်မခေါ်နိုင်ခဲ့ကြောင်း ပြောသည်။ ထို့အပြင် ဝန်ကြီးချုပ် နေတန်ယာဟုသည် ဓားစာခံများ လွတ်မြောက်ရေးကို ဦးစားပေးလုပ်ဆောင်ခြင်းမရှိဘဲ သဘောတူညီချက်ကို နှောင့်နှေးကြန့်ကြာစေကြောင်း ၎င်းက ဆက်ပြောသည်။




အလုပ်သမား သမဂ္ဂများနှင့် ဒေသန္တရ အစိုးရများသည် ဟားမားစ်အဖွဲ့နှင့် သဘောတူညီမှုရရှိစေရေးအတွက် အစိုးရအဖွဲ့ကို ဖိအားပေးရန် တနင်္လာနေ့တွင် သပိတ်မှောက်မှုတစ်ခုကို လုပ်ဆောင်ခဲ့ကြောင်း အစ္စရေးမီဒီယာများတွင် ဖော်ပြထားသည်။

အစ္စရေးနှင့် ဟားမားစ်တို့သည် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးသော ဒေသများတွင် လူသားချင်း စာနာထောက်ထားမှုအဖြစ် တိုက်ပွဲဖြစ်ပွားမှုကို ရပ်နားထားရန် သဘောတူထားသည်။

**အင်န်အိတ်ချ်ကေ**

## ဖိလစ်ပိုင်နိုင်ငံ၌ အပူပိုင်းမုန်တိုင်း ယာဂီ တိုက်ခတ်မှုကြောင့် လေးဦး သေဆုံး

**မနီလာ စက်တင်ဘာ ၂**

ဖိလစ်ပိုင်နိုင်ငံ၌ အပူပိုင်းမုန်တိုင်း ယာဂီတိုက်ခတ်မှုကြောင့် အနည်းဆုံး လေးဦးသေဆုံးပြီး ၁၀ ဦး ဒဏ်ရာရခဲ့ကြောင်း တာဝန်ရှိသူများက စက်တင်ဘာ ၂ ရက်တွင် ပြောကြားသည်။

မနီလာမြို့အပါအဝင် နိုင်ငံတစ်ဝန်းရှိ မြေနိမ့်ပိုင်းဒေသအချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။ အလယ်ပိုင်း ဗာဆေးရပ်စ်တွင် သေဆုံး၊ ထိခိုက်ဒဏ်ရာရသူနှစ်ဦးရှိကြောင်း ပြည်နယ်သဘာဝဘေးအန္တရာယ် လျော့ပါးရေးနှင့် စီမံခန့်ခွဲရေးရုံးက ပြောသည်။ မုန်တိုင်းကြောင့် နာဂါဒေသမြောက်ပိုင်းတွင် သေဆုံးသူ နှစ်ဦးအနက် ဓာတ်လိုက်ခံရသည့် အသက် ၅၇ နှစ်အရွယ် အမျိုးသားတစ်ဦးနှင့် ရေနစ်သေဆုံးသည့် ရှစ်လအရွယ် ကလေးငယ်တစ်ဦးပါဝင်ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

ရာသီဥတုဆိုးရွားမှုကြောင့် မြို့တော်နှင့် အနီးတစ်ဝိုက် ပြည်နယ်များရှိ အစိုးရအလုပ်များနှင့် သင်တန်းများကို ရပ်ဆိုင်းထားရသည့်အပြင် ပြည်တွင်းလေကြောင်းခရီးစဉ် အများအပြားကိုလည်း ဖျက်သိမ်းခဲ့ရသည်။ ထို့ပြင် ရာနှင့်ချီသည့် ရေကြောင်းခရီးသည်များမှာလည်း ဆိပ်ကမ်းများတွင် သောင်တင်လျက်ရှိသည်။

အစိုးရအနေဖြင့် အခြေအနေကို စောင့်ကြည့်နေပြီး မုန်တိုင်းဒဏ်သင့်ပြည်သူများကိုကူညီရန် အသင့်ရှိကြောင်း ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ် ဂျူနီယာက ပြောကြားသည်။ အပူပိုင်းမုန်တိုင်း ယာဂီသည် ဖိလစ်ပိုင်နိုင်ငံ မြောက်ဘက်သို့ ရွေ့လျားနေပြီး စက်တင်ဘာ ၃ ရက်တွင် ပိုမိုအားကောင်းလာဖွယ်ရှိကြောင်း ဖိလစ်ပိုင် မိုးလေဝသဌာနက ခန့်မှန်းထားသည်။

**အင်န်အိတ်ချ်ကေ**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ စံချိန်တင် ရေကြီးမှုကြောင့် သေဆုံးသူ ၆၇ ဦးရှိ

**ဒါကာ စက်တင်ဘာ ၂**

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒေသများတွင် ရေကြီးမှုကြောင့် သေဆုံးသူဦးရေမှာ အမျိုးသမီး ခြောက်ဦးနှင့် ကလေးငယ် ၁၈ ဦးအပါအဝင် ၆၇ ဦးအထိရှိလာကြောင်း ဘင်္ဂလားဒေ့ရှ် သဘာဝဘေးအန္တရာယ်တုံ့ပြန်ရေး အေဂျင်စီက စက်တင်ဘာ ၂ ရက်တွင် ထုတ်ပြန်သည်။

ဘေးအန္တရာယ် စီမံခန့်ခွဲမှုနှင့် ကယ်ဆယ်ရေးဝန်ကြီးဌာနလက်အောက်ရှိအမျိုးသားသဘာဝဘေးအန္တရာယ်တုံ့ပြန်ရေး စင်တာမှထုတ်ပြန်သည့် စာရင်းသစ်အရ အရှေ့တောင်ပိုင်း ခရိုင်သုံးခုဖြစ်သည့် ဖီနီ၊ ကမ်မီလာနှင့် နိုအာခါလီတို့သည် ထိခိုက်မှုအဆိုးရွားဆုံး ခရိုင်များဖြစ်ပြီး ယခုအချိန်အထိ ၅၄ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ယခု ရက်သတ္တပတ်များအတွင်း စံချိန်တင်ရေကြီးမှုများ ဆက်တိုက်ဖြစ်ပေါ်လျက်ရှိကာ စုစုပေါင်း ခရိုင် ၁၁ ခုတွင် ရေကြီးနစ်မြုပ်မှုကြောင့် လူပေါင်း ခြောက်သန်းနီးပါး ထိခိုက်ခဲ့ပြီး အသက်အိုးအိမ်စည်းစိမ်နှင့် သီးနှံစိုက်ခင်းများစွာ ပျက်စီးခဲ့သည်။

အရှေ့တောင်ပိုင်းနှင့် အရှေ့မြောက်ပိုင်းခရိုင်တို့တွင် ရေကြီးရေလျှံမှုကြောင့် သောင်တင်နေသူ ၆၀၅၇၆၇ ဦး ရှိနေဆဲဖြစ်ကာ အရှေ့တောင်ပိုင်းခရိုင်အချို့တွင် ယခုအခါ အခြေအနေပြန်လည်ကောင်းမွန်လာပြီဟု နောက်ဆုံးထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**ဆင်ဟွာ**



## ဆိုးရွားသောရာသီဥတုကြောင့် အန်ကောဝပ်သို့ လာရောက်ချိန်တွင် သတိထားရန် ကြေညာချက်ထုတ်ပြန်

**ဆီရမ်ရိ စက်တင်ဘာ ၂**

ကမ္ဘောဒီးယားနိုင်ငံ အန်ကောဝပ်ဒေသစီမံခန့်ခွဲရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးအမျိုးသားအာဏာပိုင်အဖွဲ့ (အေအင်န်အေ)က နိုင်ငံခြားခရီးသွားများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်သူများနှင့် အများပြည်သူခရီးသွားများကို ဆိုးရွားသော ရာသီဥတုကြောင့် အန်ကောဝပ်ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လာရောက်လည်ပတ်ချိန်တွင် သတိထားကြရန် သတိပေးထားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် မိုးများခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများကို ကြုံတွေ့လျက်ရှိကြောင်း ရေအရင်းအမြစ်အသုံးချရေးနှင့် မိုးလေဝသဝန်ကြီးဌာန၏ မိုးလေဝသခန့်မှန်းချက်များကိုးကားပြီး အေအင်န်အေက ၎င်း၏ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။ ဆိုးရွားသောရာသီဥတုအခြေအနေက အန်ကောဝပ်ဒေသရှိ အချို့နေရာများ၌ မြေပြိုခြင်းနှင့် သစ်ကိုင်းကျိုးကျခြင်းများကို ဖြစ်ပေါ်စေနိုင်ကြောင်း၊ ထို့ကြောင့် အန်ကောဝပ်သို့ လာရောက်လည်ပတ်သူများနှင့် ယာဉ်များအားလုံးသတိထားရန် အေအင်န်အေက ၎င်း၏ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။ ကုလသမဂ္ဂအေဂျင်စီတစ်ခုဖြစ်သည့် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို) ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အန်ကောဝပ် ရှေးဟောင်းနယ်မြေသည် ဆီရမ်ရိပြည်နယ်၏ အနောက်မြောက်ဘက်တွင် တည်ရှိသည်။ **ဆင်ဟွာ**




## ၂၀၂၄ ခုနှစ်၊ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ရည်ရွယ်ချက် (၄)ရပ်

- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- ❖ လူကုန်ကူးမှုဆိုင်ရာ အသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- ❖ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။

# (၁၉) ကြိမ်မြောက် အာရှမီဒီယာထိပ်သီးညီလာခံ၏ ဆက်စပ်အစည်းအဝေးများနှင့် အကြိုအလုပ်ရုံဆွေးနွေးပွဲများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေး



နေပြည်တော် စက်တင်ဘာ ၂

(၁၉) ကြိမ်မြောက် အာရှမီဒီယာထိပ်သီးညီလာခံ၏ ဆက်စပ်အစည်းအဝေးများ (19th ASIA MEDIA SUMMIT & ASSOCIATED MEETINGS ) ကို ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁ ရက်နှင့် ၂ ရက်တို့တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ အာရှ-ပစိဖိတ်ဒေသတွင်း ရုပ်သံလွှင့်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း (AIBD) မှ စီစဉ်ကျင်းပလျက်ရှိရာ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့လည်း သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်တက်ရောက်ဆွေးနွေးကြသည်။

အဆိုပါ ထိပ်သီးညီလာခံကို “ Media : The New Odyssey ” ဆောင်ပုဒ်နှင့်အညီ ကမ္ဘာလုံးဆိုင်ရာ ပြောင်းလဲမှုများနှင့် မီဒီယာနှင့် ရုပ်သံထုတ်လွှင့်မှုများ၊ AI ၏ ရှုထောင့်အမျိုးမျိုး၊ သင်ယူခြင်းနှင့် တိုးတက်မှုများအတွက် ပူးပေါင်းအားထုတ်မှုများကို ယင်းထိပ်သီးညီလာခံအကြို ဆက်စပ်အစည်းအဝေးများနှင့် အလုပ်ရုံဆွေးနွေးပွဲများစုစုပေါင်းအကြောင်းအရာ(၁၀)ခုဖြင့် စီစဉ်ကျင်းပရာ အာရှ-ပစိဖိတ်ဒေသမှ ဆက်သွယ်ရေးနှင့် ပြန်ကြားရေးဝန်ကြီးများ၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဒေသဆိုင်ရာ မီဒီယာကဏ္ဍ ဆုံးဖြတ်ပိုင်ခွင့်ရှိသူများ၊ ပညာရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ မီဒီယာကျွမ်းကျင်သူများ၊ အာရှ – ပစိဖိတ်ဒေသတွင်းမှ ဆက်စပ်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်အနေဖြင့် စက်တင်ဘာ ၁ ရက် နံနက်ပိုင်းတွင် IPPTAR, Angkasapuri ၌ ကျင်းပသည့် သတင်းတု၊ သတင်းမှားတိုက်ဖျက်ခြင်းနှင့် မီဒီယာသိနားလည်မှု မြှင့်တင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၊ မွန်းလွဲပိုင်းတွင် Sheraton Hotel ၌ ကျင်းပသည့် 22nd AIBD General Conference သို့ တက်ရောက်သည်။

ဆက်လက်၍ စက်တင်ဘာ ၂ ရက်တွင် IPPTAR Training Room ၌ ကျင်းပသည့် ထိခိုက်လွယ်အုပ်စုများအတွက် မီဒီယာလက်လှမ်းမီမှု မြှင့်တင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Pre-Summit Workshop on Promoting Media Accessibility for Vulnerable Groups )ကို အပိုင်း(၄)ပိုင်းဖြင့် ကျင်းပရာ ထိခိုက်လွယ်သော အုပ်စုများနှင့် စည်းရုံးရေးဗျူဟာများအတွက် မီဒီယာအရေးပါမှု၊ မီဒီယာ Content များ ဖန်တီးမှုအတွက် အကောင်းဆုံးအလေ့အထများ၊ ထိခိုက်လွယ်သော အုပ်စုများအတွက် အားလုံးပါဝင်သော ရုပ်သံထုတ်လွှင့်ခြင်း၊ ထိခိုက်လွယ်သော အုပ်စုများအတွက် မီဒီယာကဏ္ဍ မြှင့်တင်ခြင်း စသည့်အကြောင်းအရာများအလိုက် ဦးစွာဆွေးနွေးကြပြီး နိုင်ငံများအလိုက် အတွေ့အကြုံမျှဝေသည့် အစီအစဉ်ကို ဆက်လက်ကျင်းပရာ အိန္ဒိယ၊ ပါကစ္စတန်၊ မြန်မာ၊ မလေးရှားနှင့် ပါပူအာနယူးဂီနီနိုင်ငံတို့ ပါဝင်ဆွေးနွေးကြရာ မြန်မာနိုင်ငံအကြောင်းအရာအား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ထိခိုက်လွယ်သော အုပ်စုများအတွက် မီဒီယာလက်လှမ်းမီမှု မြှင့်တင်ခြင်းနှင့် စပ်လျဉ်း၍ ပါဝင်ဆွေးနွေးသည်။ (ဓာတ်ပုံ)

ထို့ပြင် စက်တင်ဘာ ၁ ရက်နှင့် ၂ ရက်တို့တွင် တစ်ပြိုင်တည်း ကျင်းပသည့် သတင်းခန်းများတွင် AI အသုံးပြုမှုဆိုင်ရာ ဒေသအဆင့် အလုပ်ရုံဆွေးနွေးပွဲနှင့် ရုပ်သံထုတ်လွှင့်မှုအရွေ့တွင် 5G trends ဖြင့် 4K ထုတ်လွှင့်မှုဆိုင်ရာ ဒေသအဆင့် အလုပ်ရုံဆွေးနွေးပွဲများသို့လည်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဦးစီးအရာရှိ ဦးမြင့်လှိုင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးထက်အောင်တို့ ပါဝင်တက်ရောက်ဆွေးနွေးကြသည်။

အဆိုပါ အာရှမီဒီယာထိပ်သီးညီလာခံသည် ထင်ရှားကျော်ကြားသည့် Media Event တစ်ခုဖြစ်ပြီး အာရှ-ပစိဖိတ်ဒေသတွင်းရှိ မီဒီယာလုပ်ငန်းများ ချိတ်ဆက်ရန်၊ အသိပညာဗဟုသုတများ ဆွေးနွေးမျှဝေရန်နှင့် ရုပ်သံလွှင့်လုပ်ငန်းများ၏ အနာဂတ်ကို ဆွေးနွေးရန် မီဒီယာကျွမ်းကျင်သူများအတွက် ပလက်ဖောင်းတစ်ခုဖြစ်ကြောင်း၊ အာရှ-ပစိဖိတ်ဒေသတွင်း ရုပ်သံလွှင့် ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်း (AIBD)ကို ၁၉၇၇ ခုနှစ်တွင် ယူနက်စကို၏ ဦးဆောင်မှုဖြင့် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ရုပ်/သံထုတ်လွှင့်မှုနှင့် မီဒီယာဖွံ့ဖြိုးတိုးတက်မှုကို လုပ်ဆောင်ရန် ကတိကဝတ်ပြုထားသော ဒေသဆိုင်ရာ အစိုးရများအကြား ပူးပေါင်းဖွဲ့စည်းထားသော နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုဖြစ်ရာ အာရှ-ပစိဖိတ်ဒေသတွင် တက်ကြွ၍ ညီညွတ်သော အီလက်ထရောနစ်မီဒီယာ ဝန်းကျင်မြှင့်တင်မှုတွင် အခရာကျသည့် အခန်းကဏ္ဍတွင် ရပ်တည်လျက်ရှိကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် AIBD သို့ တင်းပြည့်အဖွဲ့ဝင် (full membership) အဖြစ် ၁၉၈၇ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့ပြီး အသင်းဝင် စည်းကမ်းများနှင့် ကိုက်ညီစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ AIBD မှ စီစဉ်ကျင်းပသည့် သင်တန်းများ၊ အစည်းအဝေးများ၊ Seminar များ၊ Conference များနှင့် Online မှ ပြုလုပ်သော သင်တန်းများသို့ သက်ဆိုင်ရာ ပညာရပ်အလိုက် ဝန်ထမ်းများ ပါဝင်တက်ရောက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme-PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။




**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

## Mpox (မျောက်ကျောက်)ရောဂါ ကာကွယ်ရေးနှိုးဆော်ချက်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ (၂၀၂၄) ခုနှစ်၊ ဩဂုတ်လ (၁၄) ရက်နေ့တွင် Mpox (မျောက်ကျောက်)ရောဂါ ကူးစက်မှုအား နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ပါသည်။

**ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ**

- ရောဂါပိုးရှိသူနှင့်လိင်ဆက်ဆံခြင်းမှ ကူးစက်ခြင်း၊
- ရောဂါပိုးရှိသူနှင့် အရေပြားချင်းထိတွေ့ခြင်း၊ နမ်းရှုံ့ခြင်း၊ ပွေ့ဖက်ခြင်းတို့မှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးရှိသူနှင့် မျက်နှာချင်းဆိုင် အနီးကပ်တွေ့ဆုံခြင်းမှတစ်ဆင့် ကူးစက်ခြင်း၊ (စကားပြောခြင်း၊ အသက်ရှူခြင်း)
- ရောဂါပိုးရှိသူ၏ အနာများ၊ အညစ်အကြေးများနှင့် တိုက်ရိုက်ထိတွေ့မိရာမှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးများ ကပ်တင်ကျန်နေသည့် အသုံးအဆောင်ပစ္စည်းများ၊ မျက်နှာပြင်များကို လက်ဖြင့် ကိုင်တွယ်ထိတွေ့ခြင်းမှတစ်ဆင့် ကူးစက်ခြင်း၊
- မသန့်ရှင်းသောဆေးထိုးအပ်နှင့် ဆေးရုံသုံးပစ္စည်းများမှတစ်ဆင့် ကူးစက်ခြင်း၊
- Mpox ဗိုင်းရပ်စ်ရောဂါပိုးကူးစက်ခံထားရသည့် တိရစ္ဆာန်များနှင့် တိုက်ရိုက်ထိတွေ့မိရာမှတစ်ဆင့် ကူးစက်ခြင်း၊
- မိခင်မှကလေးသို့ ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီးနောက်တွင် ကူးစက်ခြင်း၊

**ရောဂါပျိုးရက်**

- ရောဂါပိုးစတင်ဝင်ရောက်ပြီး (၁)ရက်မှ (၂၁) ရက်အတွင်း ရောဂါလက္ခဏာများ စတင်ဖြစ်ပွားနိုင်ပါသည်။

**သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများ**

- မျက်နှာ၊ ပါးစပ်၊ လက်နှင့် ခြေထောက်၊ ခန္ဓာကိုယ်၊ စအိုဝန်းကျင်နှင့်လိင်အင်္ဂါများတွင် အနီကွက်များ ထွက်ခြင်း၊ အရည်ကြည်ဖုများ ပေါက်ခြင်း၊
- ဖျားခြင်း (>38.5 °C)၊
- အကျိတ်များရောင်ရမ်းခြင်း၊
- လည်ချောင်းနာခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကြွက်သားများနာကျင်ခြင်း၊ ကျောအောင့်ခြင်း၊
- မောပန်းနွမ်းနယ်ခြင်း၊

(လွန်ခဲ့သည့်(၂၁)ရက်အတွင်း ရောဂါပိုးတွေ့ရှိရာ နိုင်ငံ/ဒေသများမှ ပြန်လည်ဝင်ရောက်လာသူများတွင် အထက်ပါလက္ခဏာများဖြစ်ပွားလာပါက ကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ရန် လိုအပ်ပါသည်။)

**ကာကွယ်နိုင်မည့်နည်းလမ်းများ**

- Mpox (မျောက်ကျောက်) ရောဂါလက္ခဏာခံစားနေရသူနှင့် အရေပြားချင်းထိတွေ့ခြင်း၊ မျက်နှာချင်းဆိုင် အနီးကပ်ထိတွေ့ခြင်း၊ လိင်ပိုင်းဆိုင်ရာ ထိတွေ့ဆက်ဆံခြင်းများကို ရှောင်ကြဉ်ပါ၊
- အနီးကပ်ထိတွေ့မှုကို ရှောင်လွှဲ၍မရပါက လက်အိတ်ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်း (Mask) ကို တပ်ဆင်ပါ၊
- သံသယရောဂါလက္ခဏာခံစားနေရသူ၏ အသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်ရာတွင် လက်အိတ်ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်းကို ပြုလုပ်ပါ၊
- လက်ကို ဆပ်ပြာနှင့် ရေ သို့မဟုတ် အယ်လ်ကိုဟောအနည်းဆုံး (၆၀%) ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်အသုံးပြု၍ စနစ်တကျဆေးကြောပါ၊ လက်မဆေးဘဲ ပါးစပ်၊ နှာခေါင်းနှင့်မျက်လုံးများကို ကိုင်တွယ်ခြင်း မပြုပါနှင့်၊
- တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကောင်းမွန်စေရန် ဆောင်ရွက်ပါ၊
- နှာချေ၊ ချောင်းဆိုးသည့်အခါတွင် လက်ကိုင်ပဝါ သို့မဟုတ် တံတောင်ကွေးဖြင့် လုံခြုံစွာ ဖုံးအုပ်ပါ၊
- အသုံးအဆောင်ပစ္စည်းများ (အိပ်ရာခင်း၊ မျက်နှာသုတ်ပဝါ၊ အဝတ်အထည်စသည့်...) များကို ရေ၊ ဆပ်ပြာနှင့်စနစ်တကျလျှော်ဖွပ်၍ အသုံးပြုပါ၊
- တိရစ္ဆာန်များကို အကာအကွယ်မပါဘဲ မထိတွေ့ပါနှင့်၊ အသားများကို ကျက်အောင်ချက်ပြုတ်စားပါ၊

**Mpox (မျောက်ကျောက်)ရောဂါလူနာနှင့်အနီးကပ်ထိတွေ့ခဲ့ခြင်း(သို့မဟုတ်) ရောဂါသံသယလက္ခဏာများခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပေးပို့၍ လိုအပ်သောစစ်ဆေးစမ်းသပ်မှုနှင့်ကုသမှုခံယူပါ။**

ကျန်းမာရေးဝန်ကြီးဌာန
ဩဂုတ်လ၊ ၂၀၂၄

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၈ ဦး တွေ့ရှိ

**(၂-၉-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၂၅-၈-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁-၉-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၀,၁၃၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၄) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန



## ဇမ္ဗူသီရိမြို့နယ်၌ မော်တော်ယာဉ်မတော်တဆမှုဖြစ်စဉ် ကယ်ဆယ်ရေးသင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၂**

မီးသတ်ဦးစီးဌာန၏ မော်တော်ယာဉ်မတော်တဆမှုဖြစ်စဉ် ကယ်ဆယ်ရေးသင်တန်းကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်)ဇမ္ဗူသီရိမြို့နယ် မီးသတ်စခန်း၌ ယနေ့နံနက်ပိုင်းက ဖွင့်လှစ်ရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို နိုင်ငံတော်အတွင်း မော်တော်ယာဉ်သုံးစွဲမှု များပြားလာသည်နှင့်အမျှ နေ့စဉ်ဖြစ်ပွားလျက်ရှိသည့် ယာဉ်မတော်တဆမှုနှင့် ယာဉ်တိုက်မှု၊ တိမ်းမှောက်မှုဖြစ်စဉ်များတွင် မီးသတ်တပ်ဖွဲ့ဝင်များက အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်နှင့် ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း မလေးရှားနိုင်ငံတွင် မလေးရှားမီးသတ်နှင့် ကယ်ဆယ်ရေးဦးစီးဌာနက အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်ပြီး အပြည်အပြည်ဆိုင်ရာမှ မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်ယှဉ်ပြိုင်မည့် အပြည်ပြည်ဆိုင်ရာ မော်တော်ယာဉ်မတော်တဆမှုဖြစ်စဉ် ကယ်ဆယ်ရေးပြိုင်ပွဲ၌ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ကိုယ်စားပြု မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။

သင်တန်းတွင် စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသား ၅၂ ဦး တက်ရောက်ကာ သင်တန်းကာလမှာ စက်တင်ဘာ ၂ ရက်မှ ၁၃ ရက်အထိ ရက်သတ္တပတ် နှစ်ပတ်ကြာ သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## တောင်ကြီးမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး ခရိုင်အဆင့် နည်းပြသင်တန်းဖွင့်

**တောင်ကြီး စက်တင်ဘာ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာ ခရိုင်အဆင့်နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

ဦးစွာ တောင်ကြီးခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်လှိုင်က သန်းခေါင်စာရင်းကောက်ယူခြင်းသည် နိုင်ငံတော်၏ အနာဂတ်စီမံချက်များအတွက် အထောက်အကူဖြစ်စေရုံသာမက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်မှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းမှန်ကန်စေရေးအတွက်လည်း အဓိကကျကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းဆိုင်ရာ ခရိုင်အဆင့်နည်းပြသင်တန်းကို သင်တန်းသား သင်တန်းသူ ၆၃ ဦးတက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလမှာ စက်တင်ဘာ ၂ ရက်မှ ၁၃ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချသွားမည် ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# Mpox (မျောက်ကျောက်) ရောဂါအကြောင်း သိကောင်းစရာ သို့မဟုတ် အသိသတိနှင့် ကာကွယ်ရမည့် Mpox (မျောက်ကျောက်) ရောဂါ

အောင်မင်း၊ ဒုတိယညွှန်ကြားရေးမှူး (ကျန်းမာရေးအသိပညာမြှင့်တင်ရေး)

၁၉၇၀ ပြည့်နှစ်တွင် ဒီမိုကရက်တစ်ကွန်ဂိုနိုင်ငံ၌ လူတစ်ဦးမှတစ်ဦးသို့ ကူးစက်ကြောင်းကို စတင်တွေ့ရှိခဲ့သည့် Mpox(မျောက်ကျောက်)ရောဂါသည် အာဖရိကနှင့် အနောက်အာဖရိကတွင် ပုံမှန်အနေဖြင့်သာ ကူးစက်လေ့ရှိရာမှ ၂၀၂၂ ခုနှစ်တွင် အခြားနိုင်ငံအချို့သို့ပါ ကူးစက်ဖြစ်ပွားခဲ့ပြီး ကမ္ဘာ့ကပ်ရောဂါအသွင် ကူးစက်ပြန့်ပွားခဲ့၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ (Public Health Emergency of International concern- PHEIC)အဖြစ် သတ်မှတ်ကြေညာ တုံ့ပြန်ဆောင်ရွက်ခဲ့ရာ ဖြစ်ပွားမှုသိသာစွာ ကျဆင်းခဲ့သည့်အတွက် ၂၀၂၃ ခုနှစ် မေလတွင် PHEIC အခြေအနေမှ ရုပ်သိမ်းခဲ့ပါသည်။

**အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်**

သို့သော် ၂၀၂၄ ခုနှစ်အတွင်း ဒီမိုကရက်တစ်ကွန်ဂိုနိုင်ငံ (DRC) နှင့် အာဖရိကတိုက်နိုင်ငံများတွင် Mpox (မျောက်ကျောက်) ရောဂါကူးစက်ဖြစ်ပွားမှု အရှိန်မြင့်တက်လာခြင်း၊ Mpox (မျောက်ကျောက်) ရောဂါ၏ မျိုးကွဲအသစ်ဖြစ်ပြီး လိင်မှတစ်ဆင့်ကူးစက်တတ်သော (Clade 1 b) မျိုးကွဲသည် ဒီမိုကရက်တစ်ကွန်ဂိုနိုင်ငံ အရှေ့ပိုင်းတွင် လျင်မြန်စွာ ကူးစက်ပျံ့နှံ့လာသည့်အပြင် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ဘူရွန်ဒီ၊ ကင်ညာ၊ ရဝမ်ဒါနှင့် ယူဂန္ဓာတို့တွင် ကူးစက်ဖြစ်ပွားနေခြင်းနှင့် နယ်စပ်ဖြတ်ကျော်၍ နိုင်ငံတကာသို့ ကူးစက်ပျံ့နှံ့မှုများရှိနေခြင်းတို့ကြောင့် ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာကျန်းမာရေးပြဋ္ဌာန်းချက် အရေးပေါ်ကော်မတီ (Emergency Health committee of the International Health Regulations) ၏ ပထမအကြိမ် အစည်းအဝေးကျင်းပခဲ့ပြီး အဆိုပါအစည်းအဝေး၏ အကြံပြုချက်အရ Mpox(မျောက်ကျောက်)ရောဂါ ကူးစက်ဖြစ်ပွားမှု အရှိန်မြင့်တက်လာခြင်းအား နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကြေညာခဲ့ပါသည်။

Mpox (မျောက်ကျောက်)ရောဂါသည် မျောက်များတွင် စတင်တွေ့ရှိရသည့် တိရစ္ဆာန်မှတစ်ဆင့် ကူးစက်သည့် ဗိုင်းရပ်စ်ရောဂါ (Viral zoonotic disease) တစ်မျိုးဖြစ်ပါသည်။ ကျောက်ကြီးရောဂါ (small pox) ဖြစ်ပွားစေသည့်ဗိုင်းရပ်စ် (variola virus)နှင့် မျိုးဗီဇအုပ်စု(orthopox)ချင်း တူညီသည့် မျောက်ကျောက်ရောဂါဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားပါသည်။ အာဖရိကအလယ်ပိုင်း ကွန်ဂိုချိုင့်ဝှမ်းမျိုးစိတ် (congo basin clade) နှင့် အာဖရိကအနောက်ပိုင်းမျိုးစိတ် (west African clade) ဟူ၍ Mpox (မျောက်ကျောက်)ရောဂါဗိုင်းရပ်စ် မျိုးစိတ်နှစ်ခုရှိခဲ့ပါသည်။


Mpox(မျောက်ကျောက်)ရောဂါကို ၁၉၅၈ ခုနှစ်တွင် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့ရှိ ဓာတ်ခွဲခန်းရှိ မျောက်များတွင် စတင်တွေ့ရှိခဲ့ခြင်းကြောင့် monkeypox (မျောက်ကျောက်)ရောဂါဟု အမည်ပေးခဲ့ခြင်းဖြစ်ပါသည်။ ၁၉၇၀ ပြည့်နှစ်တွင် အာဖရိကတိုက် ကွန်ဂိုနိုင်ငံ၌ Mpox (မျောက်ကျောက်)ရောဂါကိုလူသားများတွင် စတင်တွေ့ရှိခဲ့ပြီး အာဖရိကတိုက်အလယ်ပိုင်းနှင့် အနောက်ပိုင်း၌ သစ်တောများနှင့်ဆက်စပ်ရာ နိုင်ငံဒေသများသို့ ပျံ့နှံ့ခဲ့ပါသည်။ အာဖရိကဒေသပြင်ပသို့ Mpox (မျောက်ကျောက်)ရောဂါ စတင်ပျံ့နှံ့မှုအနေဖြင့် ၂၀၀၃ ခုနှစ်တွင် အမေရိကန်နိုင်ငံသို့ စတင်ရောက်ရှိခဲ့ခြင်းဖြစ်ပြီး အစ္စရေးနိုင်ငံတွင် ၂၀၁၈ ခုနှစ်၊ ဗြိတိန်တွင် ၂၀၁၈၊ ၂၀၁၉၊ ၂၀၂၁ နှင့် ၂၀၂၂ ခုနှစ်၊ စင်ကာပူနိုင်ငံတွင် ၂၀၁၉ ခုနှစ်နှင့် ၂၀၂၁ ခုနှစ်တို့တွင် Mpox (မျောက်ကျောက်)ရောဂါ ကူးစက်ပျံ့နှံ့မှုကို တွေ့ရှိခဲ့ရပါသည်။

**ရောဂါဖြစ်ပွားသူအရေအတွက် များပြားလာ**

Mpox(မျောက်ကျောက်)ရောဂါနှင့်ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် နိုင်ငံတကာကျန်းမာရေးအဖွဲ့အစည်းများအနေဖြင့် သတိပြုရမည့် ရောဂါတစ်ခုအဖြစ် သတ်မှတ်အလေးထားလာရသည့် အကြောင်းရင်းမှာ ယခင်က ရောဂါဖြစ်ပွားမှုမရှိခဲ့သော အာဖရိကဒေသ၏ ပြင်ပနိုင်ငံများတွင်ပါ ရောဂါဖြစ်ပွားသူအရေအတွက် များပြားလာခြင်းကြောင့် ဖြစ်ပါသည်။

Mpox(မျောက်ကျောက်)ရောဂါကူးစက်ပုံမှာ တိရစ္ဆာန်များမှတစ်ဆင့် ကူးစက်ခြင်းနှင့် လူအချင်းချင်းကူးစက်ခြင်းဟု ကူးစက်ပုံနှစ်မျိုးရှိပါသည်။ ရောဂါပိုးသယ်ဆောင်ထားသည့် တိရစ္ဆာန်များ၏ သွေး/ ဆီး/ တံတွေး စသော ခန္ဓာကိုယ်မှထွက်သော အရည်များ၊ အညစ်အကြေးများနှင့် အရေပြားပေါ်တွင်ရှိသော အနာခွက်များကို တိုက်ရိုက်ထိတွေ့ခဲ့ခြင်းမှတစ်ဆင့် ကူးစက်ပါသည်။

လူအချင်းချင်းကူးစက်ခြင်းတွင် (၁) direct contact၊ (၂) Indirect contact၊ (၃) Vertical Transmission (mother to child) သုံးမျိုးဖြင့် ကူးစက်တတ်ပါသည်။ ထိုသို့ လူအချင်းချင်းကူးစက်ရာတွင် ရောဂါရှိသူ၏ အနာခွက်များကို တိုက်ရိုက်ထိတွေ့မိခြင်း၊ ရောဂါရှိသူခန္ဓာကိုယ်မှ ထွက်ရှိသော အရည်များ၊ အညစ်အကြေးများမှတစ်ဆင့် ကူးစက်ပါသည်။ ထို့အပြင် ရောဂါရှိသူ အသက်ရှူထုတ်လိုက်သောအခါ အစက်အမှုန်များ အသက်ရှူလမ်းကြောင်းမှထွက်ရှိလာပြီး အနီးရှိလူများထံသို့ တိုက်ရိုက်ဝင်ရောက်ကူးစက်ခြင်းနှင့် ရောဂါရှိသူ၏ အဝတ်အစား၊ အိပ်ရာ၊ အသုံးအဆောင်တို့တွင် တင်ကျန်နေသော ရောဂါပိုးများကို ကိုင်တွယ်မိပြီး လက်ကိုစနစ်တကျ မဆေးကြောမိဘဲ မိမိ၏ ပါးစပ်၊ နှာခေါင်းတို့ကို ကိုင်တွယ်မိရာက ကူးစက်တတ်ပါသည်။ ထို့အပြင် ရောဂါပိုးရှိသူမိခင်မှလည်း မိမိ၏ သန္ဓေသားသို့ ကူးစက်နိုင်ပါသည်။




**ရောဂါလက္ခဏာများ**

Mpox(မျောက်ကျောက်)ရောဂါသည် ရောဂါပိုးစတင်ဝင်ရောက်ပြီး ၁ ရက်မှ ၂၁ ရက်အတွင်း ရောဂါလက္ခဏာများ စတင်ဖြစ်ပွားနိုင်ပါသည်။ ရောဂါလက္ခဏာများမှာ ဖျားနာခြင်း၊ ခေါင်းပြင်းထန်စွာကိုက်ခြင်း၊ လည်ပင်း၊ ချိုင်းကြား၊ ပေါင်ခြံတို့တွင်ရှိသော ပြန်ရည်ကျိတ်များ ရောင်ရမ်းကြီးထွားခြင်း၊ နောက်ကျောများနာကျင်ခြင်း၊ ကြွက်သားများနာကျင်ခြင်းနှင့် အလွန်အမင်း အားအင်ကုန်ခန်းခြင်းတို့ဖြစ်ပါသည်။ Mpox (မျောက်ကျောက်) ရောဂါသည် စတင်ဖျားပြီး တစ်ရက်မှ သုံးရက်အတွင်း အကွက်များ ထွက်လာတတ်ပါသည်။ ကိုယ်ပေါ်မှာထက် မျက်နှာနှင့် ခြေလက်များတွင် ပို၍ထွက်တတ်ပါသည်။ ထူးခြားချက်မှာ ကျောက်ရောဂါ၊ ရေကျောက်ရောဂါ၊ ဝက်သက်ရောဂါတို့ကဲ့သို့ အရေပြားပေါ်တွင် အရည်ကြည်ဖုများ၊ အကွက်များ ထွက်လာခြင်းတူသော်လည်း Mpox (မျောက်ကျောက်) ရောဂါတွင် အစောပိုင်းကာလ ရောဂါစတင်ဝင်ရောက်လာစဉ်ကတည်းက ပြန်ရည်ကျိတ်များ ရောင်ရမ်းကြီးထွားလာခြင်းဖြစ်ပါသည်။

Mpox (မျောက်ကျောက်) ဗိုင်းရပ်စ်ပိုးမျိုးကွဲဖြစ်သည့် Clade 1 သည် ရောဂါဖြစ်ပွားသူလူနာ၏ အရည်ကြည်ဖုများနှင့် ကိုယ်ခန္ဓာမှထွက်သော အရည်များနှင့် ထိတွေ့မိခြင်း၊ ချောင်းဆိုးရာမှတစ်ဆင့် ကူးစက်ခြင်းတို့ ဖြစ်ပွားတတ်ကြောင်းနှင့် ယခု အာဖရိကဒေသတွင်းနှင့် ဒေသပြင်ပတွင် ကူးစက်ဖြစ်ပွားနေသည့် မျောက်ကျောက်ဗိုင်းရပ်စ်ပိုးမျိုးကွဲဖြစ်သည့် Clade 1 b သည် ရောဂါဖြစ်ပွားသူလူနာနှင့် အနီးကပ်ထိတွေ့မှုမှတစ်ဆင့်သော်လည်းကောင်း၊ လိင်ဆက်ဆံရာမှတစ်ဆင့်သော်လည်းကောင်း အဓိကကူးစက်နိုင်ပြီး လိင်တူဆက်ဆံသူများ၊ လူနာနှင့် အနီးကပ်ထိတွေ့သော ကျန်းမာရေးဝန်ထမ်းများကို ကူးစက်ဖြစ်ပွားနိုင်ခြေမြင့်မားကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားပါသည်။

**ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အဖွဲ့ဝင်နိုင်ငံများအတွက် အကြံပြုချက်များကို ထုတ်ပြန်ထားရှိရာ အထွေထွေအကြံပြုချက်များ၊ လူထုအတွင်း ဆောင်ရွက်ရန် အကြံပြုချက်များ၊ ကျန်းမာရေးဌာနများတွင် လိုက်နာဆောင်ရွက်ရန် အကြံပြုချက်များနှင့် နိုင်ငံဖြတ်ကျော် ဝင်ထွက်ပေါက်များတွင် ဆောင်ရွက်ရန် အကြံပြုချက်များကို တိကျစွာ ထုတ်ပြန်ထားပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ကဏ္ဍအလိုက်ဆောင်ရွက်ရမည့် အကြံပြုချက်များကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မျောက်ကျောက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၁၉-၈-၂၀၂၄ ရက်နေ့တွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆောင်၍ ဦးစီးဌာနအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား ချမှတ်နိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၂ ခုနှစ် မေလအတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အာဖရိကဒေသပြင်ပရှိ နိုင်ငံအချို့တွင် မျောက်ကျောက်ရောဂါကူးစက်ဖြစ်ပွားမှု (Multi-country outbreak) ရှိနေကြောင်း ထုတ်ပြန်ကြေညာခဲ့စဉ်ကပင် မျောက်ကျောက်ရောဂါဖြစ်ပွားမှု စောစီးစွာ သိရှိတုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ဖျားခြင်းနှင့် အနီစက်/အရည်ကြည်ဖုထွက်ခြင်း ရောဂါလက္ခဏာ စောင့်ကြပ်ကြည့်ရှုခြင်း (Fever with Vesicular Rash Surveillance) နှင့် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)တွင် ဓာတ်ခွဲနမူနာများအား စစ်ဆေးခြင်းလုပ်ငန်းကို နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများနှင့် ဆေးရုံများတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ်မှ လက်ရှိအချိန်အထိ လူနာများ၏ ဓာတ်ခွဲနမူနာ ၁၂၉ ခုအား ဓာတ်ခွဲစစ်ဆေးရာတွင် Mpox (မျောက်ကျောက်)ရောဂါ အတည်ပြုလူနာတွေ့ရှိခြင်းမရှိသေးပါ။

စာမျက်နှာ ၁၇ သို့

❒ **Mpox(မျောက်ကျောက်)ရောဂါကူးစက်ပုံမှာ တိရစ္ဆာန်များမှတစ်ဆင့် ကူးစက်ခြင်းနှင့် လူအချင်းချင်းကူးစက်ခြင်းဟု ကူးစက်ပုံနှစ်မျိုးရှိပါသည်။ ရောဂါပိုးသယ်ဆောင်ထားသည့် တိရစ္ဆာန်များ၏ သွေး / ဆီး / တံတွေး စသော ခန္ဓာကိုယ်မှ ထွက်သော အရည်များ၊ အညစ်အကြေးများနှင့် အရေပြားပေါ်တွင်ရှိသော အနာခွက်များကို တိုက်ရိုက်ထိတွေ့ခဲ့ခြင်းမှတစ်ဆင့် ကူးစက်ပါသည်**

❒ **လူအချင်းချင်းကူးစက်ခြင်းတွင် (၁) direct contact၊ (၂) Indirect contact၊ (၃) Vertical Transmission (mother to child) သုံးမျိုးဖြင့် ကူးစက်တတ်**

# ကလေးအလုပ်သမားပပျောက်ရေးလုပ်ငန်းစဉ်များကို မိဘများကိုယ်တိုင်က အမျိုးသားရေးအသိဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ရန်လိုအပ်



**တောင်ကြီး စက်တင်ဘာ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ လူ့စွမ်းအားအရင်းအမြစ်များ မဆုံးရှုံးစေရန်၊ ဘဝအခြေအနေအရ ကလေးအလုပ်သမားအဖြစ် ရုန်းကန်နေရသော ကလေးများ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများ ထိခိုက်မှုမရှိစေရန်နှင့် ပညာသင်ကြားရမည့်အရွယ်တွင် ပညာသင်ကြားခွင့်ရရှိစေရန် ရည်ရွယ်ချက်များဖြင့် ရှမ်းပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို တောင်ကြီးမြို့ လူထုအခြေပြု ဗဟိုဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ ရှမ်းပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်က နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်များ မဆုံးရှုံးစေရန် ဘဝအခြေအနေအရ ကလေးအလုပ်သမားအဖြစ် ရုန်းကန်နေရသော ကလေးများ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများ ထိခိုက်မှု မရှိစေရန်နှင့် ပညာသင်ကြားရမည့်အရွယ်တွင် ပညာသင်ကြားခွင့်မရှိခြင်းကြောင့် အနာဂတ်အတွက် စိုးရိမ်ဖွယ်ဖြစ်နေခြင်းများကို မိဘများကိုယ်တိုင် သိရှိသဘောပေါက်စေရန် ကလေးအလုပ်သမားပပျောက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးအသိဖြင့် ဝိုင်းဝန်းကူညီ ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေး အမျိုးသားအဆင့် ဒုတိယငါးနှစ်စီမံကိန်း၏ ပထမနှစ်ဖြစ်သော (၂၀၂၄-၂၀၂၅ ခုနှစ်) ၏ ရည်မှန်းချက်များမှာ ခိုင်မာတိကျသော အခြေခံအချက်အလက်များကောက်ယူခြင်း၊ အသိပညာပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာအခွင့်အလမ်းများ ဖန်တီးခြင်း၊ ဥပဒေပိုင်းဆိုင်ရာ ပြင်ဆင်ရေးဆွဲမှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု ပိုမိုအားကောင်းစေခြင်း၊ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံနေရသော ကလေးအလုပ်သမားများအား ဖယ်ရှားခြင်းနှင့် ပြန်လည်ကုစားခြင်း၊ မိသားစုများအတွက် ပိုမိုကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများရရှိစေခြင်းတို့ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်စီမံချက်ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှစတင်ပြီး ကာလတို ငါးနှစ်စီမံကိန်း သုံးကြိမ်၊ ကာလရှည် ၁၅ နှစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းကော်မတီများ၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲလုပ်ငန်းများ၊ ဆောင်ရွက်ရန်လျာထားချက်များကို ယခုအစည်းအဝေးတွင် သက်ဆိုင်ရာ လုပ်ငန်းကော်မတီအလိုက် တင်ပြဆွေးနွေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးကော်မတီ၊ အတွင်းရေးမှူး၊ ရှမ်းပြည်နယ် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ပြည်နယ်တာဝန်ခံ ဒေါ်ထွေးအိခိုင်က ဆွေးနွေးတင်ပြပြီး ရှမ်းပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီရှစ်ခု၏ အတွင်းရေးမှူးများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးတင်ပြကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ရွှေတောင်မြို့နယ်၌ မွေးမြူရေးခြံများ၏ လုပ်ငန်းလည်ပတ်နေမှုအခြေအနေများစစ်ဆေး



**ရွှေတောင် စက်တင်ဘာ ၂**

ရွှေတောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ (မြို့နယ်မွေးမြူရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ) ဦးဟံဝင်းအောင်နှင့် အဖွဲ့များက နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ (ပြည်ထောင်စု) မတည်ထောက်ပံ့ငွေမှ မွေးမြူရေးချေးငွေရယူလိုသူ မွေးမြူရေးခြံများ၏ လုပ်ငန်းလည်ပတ်နေမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ စစ်ဆေးရာတွင် ရွှေတောင်မြို့နယ် ဝါးတောကျေးရွာအုပ်စု ဖားအိုင့်ကျေးရွာရှိ ဦးစိုးမင်းထွန်း၏ အသားတိုးဝက်ကောင်ရေ ၁၀၀ မွေးမြူထားရှိမှုအခြေအနေများ၊ ရွှေတောင်မြို့နယ် ကြို့ကုန်းကျေးရွာအုပ်စု ကြို့ကုန်းကျေးရွာရှိ ဒေါ်မြင့်မြင့်ဝင်း၏ နို့စားနွားကောင်ရေ ၂၀ မွေးမြူထားရှိမှုအခြေအနေများ၊ ရွှေတောင်မြို့နယ် အိုးထိမ်းကုန်းကျေးရွာအုပ်စု ချော့ခါကျေးရွာရှိ ဦးကျော်ဇေယျ၏ ဆိတ်ကောင်ရေ ၁၀၀ မွေးမြူထားရှိမှုအခြေအနေများ၊ ရွှေတောင်မြို့နယ် ကြာနီကန်ရပ်ကွက် တည်ကုန်းရွာမလမ်းရှိ ဒေါ်ဇင်မာဝင်း၏ နို့စားနွားကောင်ရေ ၂၀ မွေးမြူထားရှိမှုအခြေအနေများ၊ ရွှေတောင်မြို့နယ် ကြာနီကန်ရပ်ကွက် တည်ကုန်းရွာသစ်လမ်းရှိ ဦးအောင်မျိုးမင်း၏ အသားတိုးကြက်ကောင်ရေ ၆၀၀၀ မွေးမြူထားရှိမှုအခြေအနေများ၊ ရွှေတောင်မြို့နယ် ကြာနီကန်ရပ်ကွက် တည်ကုန်းရွာမလမ်းရှိ ဒေါ်ဝင်းစပယ်၏ အသားတိုးကြက်ကောင်ရေ ၃၀၀၀ မွေးမြူထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ (ပြည်ထောင်စု) မတည်ထောက်ပံ့ငွေမှ ချေးငွေလျှောက်ထားသည့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများအား သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ကိုက်ညီမှု ရှိမရှိ တို့ကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုကိုမင်း (ပြန်/ဆက်)**

## ရွှေဘိုမြို့၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဆင်းပွဲကျင်းပ

**ရွှေဘို စက်တင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ လူသုံးကုန် ထုတ်လုပ်မှု နည်းပညာပေးသင်တန်းဆင်းပွဲကို ယနေ့ နံနက်ပိုင်းက တန်ဖိုးနည်းအိမ်ရာရှိ ရန်ကြီးအောင်ဓမ္မာရုံ၌ ပြုလုပ်သည်။

သင်တန်းဆင်းပွဲတွင် ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးထက်မောင်က သင်တန်းတက်ရောက်သူများအနေဖြင့် တစ်နိုင်တစ်ပိုင် ပြုလုပ်သုံးစွဲခြင်းဖြင့် မိသားစုအိမ်သုံးစရိတ်လျှော့ချနိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးက သင်တန်းဆင်းလက်မှတ်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက သင်တန်းထွက်ကုန်ပစ္စည်းများပေးအပ်သည်။

သင်တန်းတွင် နည်းပြများက လူသုံးကုန်ပစ္စည်းများတွင် အသုံးပြုသော လုပ်ငန်းသုံးဓာတုပစ္စည်းများအကြောင်း၊ ပန်းကန်ဆေး၊ အဝတ်လျှော်၊ လက်ဆေးရည်ပြုလုပ်နည်း၊ ကိုယ်တိုက်ဆပ်ပြာခဲ၊ ခေါင်းလျှော်ရည်၊ ဆပ်ပြာမှုန့်၊ အမွှေးဆီ၊ Hand Gel၊ Hand Spray ပြုလုပ်နည်းများကို ငါးရက်ကြာ စာတွေ့/ လက်တွေ့သင်ကြားပို့ချပေးခဲ့ပြီး အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

*စာမျက်နှာ ၁၆ မှ*

အိမ်နီးချင်းနိုင်ငံနှင့် ဒေသတွင်းနိုင်ငံအချို့တွင် Mpox (မျောက်ကျောက်) ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုများရှိနေသည်ကို တွေ့ရှိရသဖြင့် မြန်မာနိုင်ငံအတွင်းသို့ Mpox (မျောက်ကျောက်) ရောဂါကူးစက်ဝင်ရောက်ပြန့်ပွားမှု မရှိစေရေးအတွက် အထူးအလေးထား ဆောင်ရွက်လျက်ရှိပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ချက်များအရ မြန်မာနိုင်ငံတွင် Mpox(မျောက်ကျောက်)ရောဂါကူးစက်ဖြစ်ပွားနိုင်ခြေ အလွန်နည်းပါးပါသည်။

မြန်မာနိုင်ငံတွင် Mpox (မျောက်ကျောက်) ရောဂါ ကူးစက်ဖြစ်ပွားနိုင်ခြေ အလွန်နည်းပါးသော်လည်း ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံဖြတ်ကျော် ဝင်၊ ထွက်ပေါက်များအပါအဝင် လူထုအတွင်း Mpox (မျောက်ကျောက်) ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းကို တိုးမြှင့်ဆောင်ရွက်ခြင်း၊ နိုင်ငံဖြတ်ကျော် ဝင်၊ ထွက်ပေါက်များတွင် ကျန်းမာရေးကြေညာချက်ပုံစံ ဖြည့်စွက်စိစစ်ခြင်း၊ ဖျားခြင်းနှင့် အနီစက်/အရည်ကြည်ဖုထွက်ခြင်း၊ ရောဂါလက္ခဏာလူနာသစ်တွေ့ရှိမှုနှင့် အစုလိုက်ဖြစ်ပွားမှုများကို သတင်းပေးပို့ခြင်း၊ ရေကျောက်ရောဂါ သံသယလက္ခဏာဖြစ်ပွားသူလူနာများထံမှ ဓာတ်ခွဲနမူနာရယူ၍ ရေကျောက်ရောဂါနှင့် မျောက်ကျောက်ရောဂါပိုး ရှိ/မရှိ စစ်ဆေးခြင်း၊ သံသယလူနာများအား သီးခြားထားရှိကုသမှုပေးခြင်း၊ ရောဂါကာကွယ်ကုသရေးအတွက် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများ စုဆောင်းထားရှိခြင်း၊ ပြည်သူလူထုအား ကျန်းမာရေးအသိပညာပေးရန်အတွက် သတင်းကြေညာချက်တစ်ရပ် အမြန်ထုတ်ပြန်ခြင်း၊ နိုင်ငံပိုင်နေ့စဉ်ထုတ် သတင်းစာများတွင် ဆောင်းပါးရေးသားဖော်ပြခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်/ ပိုစတာများ ပြုစုဖြန့်ဝေခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

အထက်ပါ လုပ်ငန်းစဉ်များကို ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နီးနွယ်ဝန်ကြီးဌာနများဖြစ်သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့နှင့် ပူးပေါင်း၍လည်းကောင်း၊ လိုအပ်သောဆေးဝါးနှင့် ဆေးပစ္စည်းများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထောက်ပံ့ပေးနိုင်ရေးအတွက် လည်းကောင်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

ဗိုင်းရပ်စ်ရောဂါပိုးများ၏ မျိုးရိုးဗီဇပြောင်းလဲတတ်သော သဘောသဘာဝအရ ရောဂါဖြစ်ပွားမှုကို သတိပြုကာကွယ်ရမည်ဖြစ်ပါသည်။ မိဘပြည်သူများအနေဖြင့်-

- Mpox(မျောက်ကျောက်)ရောဂါလက္ခဏာခံစားနေရသူများနှင့် အနီးကပ်ထိတွေ့ခြင်းကို ရှောင်ကြဉ်ပါ၊
- လက်ကို ဆပ်ပြာနှင့် ရေ သို့မဟုတ် အယ်လ်ကိုဟောအနည်းဆုံး ၆၀ ရာခိုင်နှုန်းပါဝင်သော ရေမလိုလက်သန့်စင်ဆေးရည် အသုံးပြု၍ စနစ်တကျ ဆေးကြောပါ၊
- နှာချေ၊ ချောင်းဆိုးသည့်အခါတွင် လက်ကိုင်ပဝါ သို့မဟုတ် တံတောင်ကွေးဖြင့် လုံခြုံစွာ ဖုံးအုပ်ပါ၊ လူတို့၏ အသုံးအဆောင်ပစ္စည်းများ (မျက်နှာသုတ်ပဝါ၊ အဝတ်အထည်စသည့်...) ရေ၊ ဆပ်ပြာနှင့် စနစ်တကျ လျှော်ဖွပ်၍ အသုံးပြုပါ၊
- တိရစ္ဆာန်များကို အကာအကွယ်မပါဘဲ မထိတွေ့ပါနှင့်၊
- လက်မဆေးဘဲ ပါးစပ်၊ နှာခေါင်းနှင့် မျက်လုံးများကို ကိုင်တွယ်ခြင်းမပြုပါနှင့်၊
- တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ကောင်းမွန်စေရန် ဆောင်ရွက်ပါ စသော

ရောဂါကာကွယ်ရေး နည်းလမ်းများကို သတိပြုလိုက်နာပြီး Mpox(မျောက်ကျောက်)ရောဂါနှင့် ပတ်သက်၍ အလွန်အမင်းစိုးရိမ်ကြောက်ရွံ့စရာမလိုဘဲ ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိနှင့် နေထိုင်ကြရန်နှင့် Mpox(မျောက်ကျောက်)ရောဂါလူနာနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်း သို့မဟုတ် ရောဂါသံသယလက္ခဏာများ ခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပေးပို့၍ ကုသမှုခံယူရန်လိုအပ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ကလေးအလုပ်သမားပပျောက်ရေးအတွက် ရည်ရွယ်၍ ဖုန်းပြုပြင်ရေးသင်တန်းဖွင့်လှစ်

**ဘားအံ စက်တင်ဘာ ၂**

ကရင်ပြည်နယ် အစိုးရအဖွဲ့၊ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီနှင့် အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနတို့ ပူးပေါင်း၍ မိုဘိုင်းဖုန်းပြုပြင်ရေး သင်တန်းဆင်းပွဲကို စက်တင်ဘာ ၂ ရက်က ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း (ဘားအံ)၌ ကျင်းပသည်။ အဆိုပါသင်တန်းကို ဇူလိုင် ၂၃ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၂၀ အား စာတွေ့လက်တွေ့ လေ့ကျင့်သင်ကြားပေးခြင်းဖြစ်သည်။



ယနေ့ကျင်းပသည့် သင်တန်းဆင်းပွဲတွင် ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က သင်တန်းဆင်းအမှာစကား ပြောကြားပြီး ပြည်နယ်အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်နှင့် သင်ကြားပို့ချချက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းက သင်တန်းထူးချွန်ဆု ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး ပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ကာ သင်တန်းသား သင်တန်းသူများ ကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထပ်မံ၍လည်း ပြည်နယ်အတွင်း ကလေးအလုပ်သမားများ လျော့နည်း ပပျောက်စေမည့် ရည်ရွယ်ချက်နှင့်အညီ မိုဘိုင်းဖုန်းပြုပြင်ရေး အဆင့်မြင့်သင်တန်း (တစ်လခွဲ)ကို ထပ်မံဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

## မော်လမြိုင်မြို့၌ ပြည်သူ့ကျန်းမာရေးဌာန ကျန်းမာရေးမှူး-၄ သင်တန်းဖွင့်

**မော်လမြိုင် စက်တင်ဘာ ၂**

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ကျန်းမာရေးမှူး -၄ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်က ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများတွင် တာဝန်ထမ်းဆောင်သူများအနေဖြင့် ပြည်သူများနှင့် အမြဲထိတွေ့ပြီး လုပ်ငန်းဆောင်ရွက်ကြမည့် ကျန်းမာရေးမှူး-၄ များ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးကြောင်း၊ ပြည်သူများ၏ ကျန်းမာရေး အဆင့်အတန်း ပိုမိုမြင့်မားတိုးတက်စေရန်အတွက် နည်းစနစ်များ လုပ်နည်းလုပ်ဟန်များကို ပြည်သူလူထုရဲ့ လိုအပ်ချက်နှင့်အညီ ဆက်လက်ဆောင်ရွက် သွားစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာအောင်မြင့်ဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## မင်းဘူးမြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်

**မင်းဘူး စက်တင်ဘာ ၂**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၁ ရက်က မင်းဘူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ပြိုင်ပွဲဝင် ဆုရကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် စာပေဆိုင်ရာ ပြိုင်ပွဲအများအဖြစ် ထည့်သွင်းကျင်းပသည့် အခြေခံပညာ (ထက်၊ လယ်၊ မူ) အဆင့် ပုံပြင်ပြော၊ ကဗျာရွတ်၊ ကျပန်းစကားပြောနှင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများ၊ စာဖတ်ဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့ကြသူများနှင့် သီဆိုဖျော်ဖြေရေးအဖွဲ့များကို တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကျော်ခိုင်ဦး၊ မင်းဘူးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကို မင်းဘူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဩဂုတ် ၃၁ မှ စက်တင်ဘာ ၁ ရက်အထိ ကျင်းပရာ အခြေခံပညာ (ထက်၊ လယ်၊ မူ)အဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်



ပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲများ၊ စာဖတ်ဝိုင်း၊ ကျောင်းစာကြည့်တိုက်၊ အခြေခံပညာလက်မှုပြခန်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)မှ ခင်းကျင်းပြသထားသော စာအုပ်စာစောင်ပြခန်း၊ သိပ္ပံနှင့်နည်းပညာပြခန်း၊ N0.1 ကိုယ်ပိုင်အထက်တန်းကျောင်း သိပ္ပံပြခန်း၊ ရှေးခေတ်ပျူအသုံးအဆောင်ပစ္စည်းများ ပြခန်းများနှင့် ဂိမ်းကစားနည်းပြိုင်ပွဲမျိုးစုံကို ထည့်သွင်းကျင်းပရာ ကျောင်းသား ကျောင်းသူများက အေးချမ်းပျော်ရွှင်စွာ လာရောက်ပါဝင်ဆင်နွှဲခဲ့ကြကြောင်းနှင့် စကုမြို့ အခြေခံပညာအထက်တန်းကျောင်းတွင်လည်း ထပ်မံပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

## ပခုက္ကူမြို့၌ ကလေးအလုပ်သမားပပျောက်ရေး အလုပ်ရုံဆွေးနွေး

**ပခုက္ကူ စက်တင်ဘာ ၂**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ မူလတန်းကြိုကျောင်း၌ ယနေ့နံနက်ပိုင်းက အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည် ကုစားရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပသည်။

ဆွေးနွေးပွဲတွင် ပခုက္ကူခရိုင် လူမှုဝန်ထမ်း ဦးစီးဌာနမှူး ဒေါ်သန္တာဦးက အလုပ်ရုံဆွေးနွေးပွဲ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ သက်ဆိုင်ရာဌာနများမှ ကလေးအလုပ်သမားများ၏ အဓိပ္ပာယ်၊ ကလေးအလုပ်သမား အသက်ရွယ်နှင့် အလုပ်ချိန်သတ်မှတ်ချက်များ၊ ကလေးအလုပ်သမားဆိုင်ရာ ဥပဒေများ၊ ကလေးငယ်များအား အဆိုးရွားဆုံးပုံစံဖြင့် အလုပ်ခိုင်းစေသူများအား အရေးယူအပြစ်ပေးနိုင်သည့်ပြစ်မှု၊ ပြစ်ဒဏ်များ၊ ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေး လုပ်ငန်းများ၊ ကလေးငယ်၏ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေသည့် အလုပ်အကိုင် အမျိုးအစားများနှင့် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှူး ဒေါ်နုနုဝင်းက သဘာဝဘေး အန္တရာယ်ဖြစ်ပွားစဉ်နှင့် ဖြစ်ပွားပြီးနောက် ကလေးသူငယ်များအား အကာအကွယ်ပေးရေးဆိုင်ရာ နည်းလမ်းများကို ရှင်းလင်းဆွေးနွေးကြသည်။

**ဘာမီသာ(ပခုက္ကူ)**

## မောက်မယ်မြို့နယ်၌ ပန်းခင်းစီမံချက် (၃) ကွင်းဆင်းဆောင်ရွက်

**မောက်မယ် စက်တင်ဘာ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်၌ ပန်းခင်းစီမံချက် (၃) အရ မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးမှူးရုံးမှ ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးနိုင်ရေး ဩဂုတ် ၃၁ ရက်က အခြေခံပညာမူလတန်းလွန်ကျောင်း(ကုန်းလမ်း)၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ မူလွန်(ကုန်းလမ်း)မှ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးနိုင်ရေးအတွက် ကျောင်းအုပ်ဆရာမကြီးနှင့် ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများအား ၁၀နှစ်နှင့်အထက်၊ ၁၈နှစ်ပြည့်၊ ပျောက်/ပျက်မိတ္တူနှင့် လဲလှယ် မှတ်ပုံတင်ကတ်များအား ရှေ့ပြေးပုံစံနှင့် နိုင်-၂ပုံစံများ ကောက်ယူခြင်း ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီး ကျန်ရှိနေသေးသည့် အခြေခံပညာကျောင်းများကိုလည်း ဆက်လက်ကွင်းဆင်း ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးရုံး ဦးစီးအရာရှိ ဦးငွေထွန်းထံမှ သိရသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**

## ဝါးခယ်မမြို့နယ်၌ ထေရ်ကြီးဝါကြီးသံဃာတော်များနှင့် မြို့နယ်ပြည်သူ့လုံခြုံရေး အဖွဲ့ဝင်များအား အခမဲ့ကျန်းမာရေး စစ်ဆေးပေး

**ဝါးခယ်မ စက်တင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့ မြို့နယ်ပြည်သူ့ဆေးရုံနှင့် ကွမ်းခြံကုန်းကျောင်းတိုက်တို့၌ သက်တော် ၇၀ နှင့်အထက် ဆရာတော် သံဃာတော်များနှင့် မြို့နယ်ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်မှုနှိမ်နင်းရေး ကြီးကြပ်မှုအဖွဲ့ဝင်များအား စက်တင်ဘာ ၁ ရက်က ကျန်းမာရေးစောင့်ရှောက်မှုများ အခမဲ့စစ်ဆေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်သာသနာရေးဦးစီးဌာနတို့ ပူးပေါင်း၍ မင်းပိုင်းရပ်ကွက်၊ ကမ်းနားလမ်းရှိ ကွမ်းခြံကုန်းကျောင်းတိုက်တွင် မြို့နယ်အတွင်းမှ သက်တော် ၇၀ နှင့်အထက်ရှိ သံဃာတော် ၃၁ ပါးနှင့် ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်မှု နှိမ်နင်းရေးကြီးကြပ်မှုအဖွဲ့ဝင် ၉၀ တို့အား မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဝင်းထက်နှင့် ကျန်းမာရေးဝန်ထမ်းများက အခမဲ့ ကျန်းမားရေး စစ်ဆေးပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်လင်း(ပြန်/ဆက်)**

## မုဒုံမြို့၌ နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေး

**မုဒုံ စက်တင်ဘာ ၂**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးနှင့် ဝန်ထမ်းများက နီးပဒေါကျေးရွာအုပ်စု အထက(ခွဲ)စာသင်ကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၂ ဦးအား အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်များကို ဩဂုတ် ၃၁ ရက်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ထို့ပြင် မြို့နယ်အတွင်း ရပ်ကွက်/ ကျေးရွာများရှိ ဒေသခံပြည်သူများအား အသက် ၁၀ နှစ်ပြည့်၊ ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်များ၊ အိမ်ထောင်စုလူဦးရေစာရင်းများကို သတ်မှတ်ရက်များအလိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်မျိုးသူ (ပြန်/ဆက်)**

## မွန်ပြည်နယ်အတွင်း ဖူးစားပြောင်းအထွက်နှုန်းကောင်း၍ အကျိုးအမြတ်ရရှိ



မွန်ပြည်နယ်ရှိ ဘီးလင်းမြို့၊ သထုံ၊ ကျိုက်မရော၊ မုဒုံ၊ သံဖြူဇရပ်၊ ရေး၊ လမိုင်းနှင့် ခေါဇာ စသည့် မြို့များ၌ ဖူးစားပြောင်းစိုက်ပျိုးရာတွင် ဖြစ်ထွန်းအောင်မြင်၍ စီးပွားဖြစ် စိုက်ပျိုးကြကြောင်း၊ ဖူးစားပြောင်းသီးနှံကို မိုးရာသီ (မိုးပြောင်း) နှင့် ဆောင်းရာသီ (ဆောင်းပြောင်း) ဟူ၍ နှစ်ရာသီ စိုက်ပျိုးကြပြီး ဖူးစားပြောင်း (မိုး) စိုက်ဧက စုစုပေါင်း ၁၆၈၂ ဧက စိုက်ပျိုးထားရှိကြောင်း၊ မျိုးအနေဖြင့် သကြားပြောင်းမျိုးနှင့် ထောပတ်ပြောင်း မျိုးများကို စိုက်ပျိုးကြပြီး သကြားပြောင်းကို အဓိကထား စိုက်ပျိုးကြကြောင်း၊ ဖူးစားပြောင်းသီးနှံသည် အထွက်နှုန်း ကောင်းမွန်သောကြောင့် မွန်ပြည်နယ်၌ ပိုမိုတိုးချဲ့စိုက်ပျိုးကြကြောင်း သိရသည်။

ဖူးစားပြောင်း စိုက်ပျိုးထုတ်လုပ်မှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၁၀ သိန်းခန့် ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် ပြောင်းဖူးအရေအတွက် ၈၀၀၀ ကျော်ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ဩဂုတ်လအတွင်း လက်ကားဈေး သကြားပြောင်း တစ်ဖူးလျှင် ငွေကျပ် ၃၅၀-၄၀၀ နှင့် ထောပတ်ပြောင်း တစ်ဖူးလျှင် ငွေကျပ် ၃၀၀-၃၅၀ ဖြင့် တောင်သူများက ဒေသတွင်းရောင်းချသည့် အပြင် ကုန်စိမ်းပွဲစားများက စိုက်ခင်းအရောက် လာရောက် ဝယ်ယူ၍ မော်လမြိုင်မြို့ပေါ်ရှိ သီးနှံဒိုင်များသို့ တင်ပို့ရောင်းချကြကြောင်း၊ အကျိုးအမြတ်အနေဖြင့် သကြားပြောင်း တစ်ဧကလျှင် ငွေကျပ် ၁၈ သိန်းခန့်၊ ထောပတ်ပြောင်း တစ်ဧကလျှင် ငွေကျပ် ၁၄ သိန်းခန့် ရရှိကြောင်း သိရသည်။

DOCA (မွန်)

## ပေါက်မြို့နယ်၌ မိုးနှမ်းသီးနှံများ ဈေးကောင်းရရှိ

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်၌ ဆီထွက်သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိပြီး နှမ်းသီးနှံများကို မိုးနှမ်းနှင့် ဆောင်းနှမ်းဟူ၍ နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် နှမ်းဧက ၃၀၀၀ ခန့်စိုက်ပျိုးကြောင်း၊ မျိုးအနေဖြင့် နှမ်းနက် (စမုန်) နှင့် နှမ်းညိုမျိုးများကို အများဆုံးစိုက်ပျိုးကြပြီး မိုးနှမ်းကို မေလတွင်စိုက်ပျိုး၍ ဩဂုတ်လတွင် ရိတ်သိမ်းရကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ငါးသိန်းခန့်ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ငါးတင်းမှ ခုနစ်တင်းအထိ ထွက်ရှိကြောင်း၊ ယခုနှစ်တွင် ရာသီဥတုအခြေအနေကြောင့် သီးနှံအထွက်နှုန်း လျော့နည်းသော်လည်း ဒေသတွင်း သီးနှံပေါ်ချိန်၌ ဈေးကောင်းရရှိ၍ တစ်ဧကလျှင် ငွေကျပ် ငါး သိန်းခန့် အကျိုးအမြတ်ရရှိကြောင်း သိရသည်။

ဈေးကွက်အနေဖြင့် ဩဂုတ်လ နောက်ဆုံးပတ်တွင် နှမ်းနက်(စမုန်) တစ်တင်းလျှင် ငွေကျပ် ၂၀၀၀၀၀-၂၁၅၀၀၀၊ နှမ်းညိုတစ်တင်းလျှင် ငွေကျပ် ၁၃၈၀၀၀-၁၄၀၀၀၀ စသည့် ဒေသပေါက်ဈေးများဖြင့် ပွဲစားများနှင့် ဒေသတွင်းဆီစက်လုပ်ငန်းရှင်များက ဝယ်ယူမှုရှိသည့်အပြင် ပခုက္ကူမြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ တချို့တောင်သူများမှာလည်း နှမ်းသီးနှံများကို ဆီကြိတ်ခွဲ၍ ဒေသတွင်း၌ ရောင်းချလျက်ရှိကြောင်း သိရသည်။ ပြည်တွင်းစားသုံးမှုမြင့်မားပြီး ပြည်ပဝယ်လိုအား ကောင်း၍ ဈေးကွက်ခိုင်မာမှုရှိသော နှမ်းသီးနှံများ ယခုနှစ်တွင် ဈေးနှုန်းများမြင့်တက်ကာ အရောင်းအဝယ်ဖြစ်လျက်ရှိသောကြောင့် နှမ်းစိုက်တောင်သူများ အကျိုးအမြတ်ရရှိပြီး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

DOCA (မကွေး)

## နတ်တလင်းမြို့ ကွမ်းဈေးနှုန်းဈေးကွက်

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင်အတွင်းရှိ ကြို့ပင်သာရွာ၌ ကွမ်းကို မိမိတို့ အိမ်ခြံဝင်းအတွင်း တစ်နိုင်တစ်ပိုင်အနေဖြင့် လည်းကောင်း၊ အပိုဝင်ငွေ ရရှိရန်အတွက်လည်းကောင်း စိုက်ပျိုးလျက်ရှိပြီး ကွမ်းကို ဆောင်းစိုက်နှင့်မိုးစိုက်ဟူ၍ စိုက်ပျိုးကြကြောင်း၊ မိုးစိုက်သည် ပိုးကျလွယ်သည့်အတွက် ဆောင်းစိုက်ကိုသာ ဦးစားပေး စိုက်ပျိုးကြကြောင်း၊ ကွမ်းနုဝါနှင့် ကွမ်းရွက်စိမ်း နှစ်မျိုးရှိသည့်အနက် ကွမ်းနုဝါကို ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။

ကွမ်းစိုက်ပျိုးရန်အတွက် ကွမ်းမျိုး(ကွမ်းအညွန့်) တစ်ညွန့်လျှင် လက်ကားဈေး ငွေကျပ် ၃၀၀ ဖြင့် ဝယ်ယူကာ တစ်ဧက၏ လေးပုံတစ်ပုံခန့် (၀ ဒသမ ၂၅ ဧက)အကျယ်ရှိ ကွမ်းခြံ၌ ကွမ်းအညွန့် ၅၀၀ ခန့် စိုက်ပျိုးရကြောင်း၊ ကွမ်းကို ဝါဆိုလတွင် စတင်စိုက်ပျိုး၍ ပြာသိုလတွင် စတင်ခူးဆွတ်ရပြီး မြေအနေအထားနှင့် ကွမ်းညွှန့်မျိုးကောင်းမျိုးသန့်အပေါ် မူတည်၍ အနည်းဆုံး နှစ်နှစ်မှ ငါးနှစ်ခန့်အထိ ခူးဆွတ်ရကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် ၀ ဒသမ ၂၅ ဧကလျှင် ငွေကျပ် ၈ သိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် ကွမ်းရွက်ကို ၁၀ ရက်ခြားတစ်ကြိမ် ခူးဆွတ်ရပြီး တစ်ကြိမ်ခူးဆွတ်လျှင် ၁၀ ပိဿာခန့် ထွက်ရှိရာ တစ်လလျှင် ပိဿာချိန် ၃၀ ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် လက်ကားဈေး တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀ ဖြင့် နတ်တလင်းမြို့ရှိ ကွမ်းအဝယ်ဒိုင်များသို့ တင်ပို့ရောင်းချကြကြောင်း၊ ကွမ်းဒိုင်များမှတစ်ဆင့် ပြည်မြို့သို့ အများဆုံးတင်ပို့ပြီး ရန်ကုန်မြို့သို့လည်း တင်ပို့ရောင်းချကြကြောင်း သိရသည်။ DOCA (ပဲခူး)

## ကုလားပဲဈေးနှုန်းမြင့်တက်၍ တောင်သူများ အကျိုးအမြတ်ရရှိ

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အတွင်းရှိ ဆိပ်ဖြူမြို့ အနောက်ပိုင်း ရွာသစ်ရပ်ကွက်နှင့် ကိုးထောင့်၊ အောက်ဆိပ်၊ ချင်တောင်၊ မြင်ကဝ၊ ငွေးပင်၊ ကူရှည်၊ အလယ်စု၊ ရွာမ၊ လိပ်ခြံအုပ်စုအတွင်းရှိ ကျေးရွာများတွင် ဆောင်းသီးနှံကုလားပဲကို မြစ်ရေဝင်ရောက်သည့် ကိုင်းကျွန်းများ၊ ကြက်သွန်ခင်းကျွတ်များ၊ စပါးခင်းကျွတ်များတွင် စိုက်ဧက ၃၀၀၀ ခန့် နှစ်စဉ်စိုက်ပျိုးကြပြီး နိုင်ငံခြားမျိုး ကုလားပဲလုံးကြီး (အဖြူ)မျိုးကို အများဆုံး စိုက်ပျိုးကြကြောင်း၊ ကုလားပဲသီးနှံ စိုက်ပျိုးရာတွင် လွယ်ကူပြီး ကုန်ကျစရိတ်သက်သာ၍ အထွက်နှုန်း ကောင်းမွန်သည့်အပြင် ဈေးကွက်ခိုင်မာမှုရှိသောကြောင့် ယခုနှစ်တွင် စိုက်ဧက ၄၀၀၀ ခန့်အထိ ပိုမိုတိုးချဲ့စိုက်ပျိုးထားရှိကြောင်း၊ ကုလားပဲသီးနှံကို မြေအောက် ရေတင်စနစ်ဖြင့် အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် စိုက်ပျိုးပြီး ဖေဖော်ဝါရီလနှင့်မတ်လတွင် ရိတ်သိမ်းရကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၆၀၀၀၀၀ ခန့်ကုန်ကျပြီး အထွက်နှုန်းမှာ တစ်ဧကလျှင် တင်း ၂၀-၂၂ တင်းခန့်ထွက်ကြောင်း၊ ဈေးနှုန်းအနေဖြင့် သီးနှံစတင်ထွက်ပေါ်ချိန်တွင် ကုလားပဲ တစ်တင်းလျှင် ငွေကျပ် ၈၀၀၀၀ ပေါက်ဈေးရှိပြီး အကျိုးအမြတ်အနေဖြင့် ၁၀ သိန်းခန့်ရရှိကြောင်း၊ ကုလားပဲသီးနှံ ထွက်ပေါ်စအချိန်တွင် တောင်သူများမှာ သီးနှံအကုန်ရောင်းချခြင်းမပြုဘဲ သိုလှောင်ထားရှိကြောင်း၊ ဩဂုတ်လ နောက်ဆုံးပတ်တွင် အရောင်းအဝယ်ဖြစ်သည့်ဈေးနှုန်းအနေဖြင့် ကုလားပဲ တစ်တင်းလျှင် ငွေကျပ် ၁၂၀၀၀၀ ပေါက်ဈေးဖြင့် ရောင်းချလျက်ရှိရာ ၁၈ သိန်းခန့် အကျိုးအမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုလားပဲများကို ပဲပွဲစားများထံသို့ ရောင်းချမှုများ ရှိသည့်အပြင် ချောက်မြို့ပေါ်ရှိ ပွဲရုံများသို့လည်း တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။ ယခုနှစ်တွင် ကုလားပဲဈေးနှုန်းမြင့်တက်ပြီး အထွက်နှုန်းကောင်းမွန်၍ စိုက်တောင်သူများ အကျိုးအမြတ်ရရှိကြောင်း သိရသည်။

DOCA (မကွေး)



### ၂ - ၉ - ၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံကျပ်

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၇၁၀၀ | ၂၂၀၀၀ | - | ၁၇၀၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၂၀၀၀၀ | ၇၅၀၀ | ၁၆၀၀၀ | ၁၀၀၀ | ၁၅၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၄၅၀၀ | ၇၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၃၀၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၅၀၀ | | ၇၀၀၀ | ၂၀၀၀၀ | - | ၁၆၀၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၂၇၀၀၀ | ၂၅၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၂၀၀ | ၃၄၀၀ | ၆၅၀၀ | ၁၈၀၀၀ | ၇၄၂၀ | ၁၈၀၀၀ | ၂၈၀၀ | ၁၂၅၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၆၀၀ | ၉၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၄၅၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၁၈၀၀၀ | ၇၁၅၀ | ၁၄၀၀၀ | ၂၈၀၀ | ၁၇၀၀၀ | ၂၃၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၁၁၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၉၀၀၀ |
| ၅ | မော်လမြိုင် | ၃၄၀၀ | | ၅၄၀၀ | ၁၇၀၀၀ | ၇၁၀၀ | ၁၂၀၀၀ | ၃၂၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၂၁၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၆ | ထားဝယ် | ၃၅၀၀ | | ၆၁၀၀ | ၁၈၅၀၀ | ၇၂၀၀ | ၁၅၀၀၀ | ၃၂၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၇၀၀၀ | ၆၂၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၇ | မြိတ် | ၃၇၀၀ | | ၆၀၅၀ | ၁၇၀၀၀ | ၇၂၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၈၀၀ | ၁၁၅၀၀ | ၈၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၁၆၅၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၂၅၀၀၀ | |
| ၈ | ရန်ကုန် | ၃၂၀၀ | | ၅၄၀၀ | ၂၁၀၀၀ | ၆၉၀၀ | ၁၀၀၀၀ | ၃၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၅၀၀ | ၉၀၀၀ | ၆၀၀၀ | ၅၈၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၁၃၀၀၀ |
| ၉ | ပုသိမ် | ၃၂၀၀ | | ၅၀၀၀ | ၂၀၀၀၀ | ၇၂၅၀ | ၆၀၀၀ | ၂၅၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၃၀၀ | ၉၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၈၀၀ | ၅၂၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၀ | ဟားခါး | | | ၈၅၀၀ | ၂၆၀၀၀ | - | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၃၀၀၀ | | ၆၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၂၇၀၀၀ | | ၂၂၀၀၀ |
| ၁၁ | မုံရွာ | ၃၆၅၀ | ၃၀၀၀ | ၆၁၀၀ | ၁၇၀၀၀ | ၇၅၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၇၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၇၀၀ | ၈၃၀၀ | ၅၅၀၀ | ၃၅၀၀ | ၅၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၁၀၀၀ | ၁၀၀၀၀ |
| ၁၂ | မန္တလေး | ၃၃၀၀ | | ၆၀၀၀ | ၁၉၀၀၀ | ၇၅၁၅ | ၁၁၀၀၀ | ၂၅၀၀ | ၁၅၅၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၈၀၀ | ၉၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၄၀၀၀ |
| ၁၃ | ပခုက္ကူ | ၃၂၀၀ | | ၅၈၀၀ | ၁၉၀၀၀ | ၇၃၀၀ | ၉၀၀၀ | ၂၃၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၇၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၄၃၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၂၃၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ |
| ၁၄ | မကွေး | ၃၁၅၀ | | ၅၇၀၀ | ၁၉၀၀၀ | ၇၃၀၀ | ၁၀၅၀၀ | ၂၄၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၂၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၅ | ပြည် | ၃၁၀၀ | | ၅၃၀၀ | ၁၈၅၀၀ | ၇၂၀၀ | ၁၄၀၀၀ | ၂၈၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | | ၈၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၂၀၀ | ၆၀၀၀ | ၅၅၀၀ | ၅၂၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၀၀၀ | ၈၅၀၀ | ၂၈၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၄၅၀ | ၉၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၅၁၀၀ | ၅၅၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၇ | ဖျာပုံ/ပျဉ်းမနား | ၃၀၀၀ | | ၆၄၀၀ | ၁၉၀၀၀ | ၇၃၅၀ | ၁၁၅၀၀ | ၂၄၀၀ | ၁၃၈၀၀ | ၁၈၅၀၀ | ၇၅၀၀ | ၅၂၀၀ | ၅၀၀ | ၉၀၀၀ | ၇၆၀၀ | ၆၂၀၀ | ၃၀၀၀ | ၅၄၀၀ | ၁၂၄၀၀ | ၁၉၅၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၁၈၀၀ |
| ၁၈ | နေပြည်တော် | ၃၀၀၀ | | ၆၄၀၀ | ၁၉၅၀၀ | ၇၃၅၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၄၄၀၀ | ၁၉၀၀၀ | ၈၀၀၀ | ၅၆၀၀ | ၅၀၀ | ၉၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၃၄၀၀ | ၅၄၀၀ | ၁၂၆၀၀ | ၂၀၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၉ | ကလေး | ၃၆၀၀ | ၃၀၀၀ | | ၁၇၀၀၀ | ၁၄၀၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၁၂၅၀၀ | ၁၅၀၀ | ၉၅၀၀ | ၉၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၇၅၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | | ၁၆၀၀၀ |

# ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သိကောင်းစရာများ

### ကင်းလွတ်ခွင့်

ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ – ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည် –

(က) သာသနာ့ဝန်ထမ်းများ။
(ခ) အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။
(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

### လျှော့ပေါ့ခွင့်

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲ ဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။
(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါက လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါက လည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။
(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

### ရွှေ့ဆိုင်းခွင့်

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်–

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
(ခ) နိုင်ငံ့ဝန်ထမ်းများ။
(ဂ) ပညာသင်ကြားနေသူများ။
(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။
(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
(စ) ထောင်ဒဏ်ကျခံနေသူများ။

## အိုဘယ့် ပြည်သူ

✻ တို့ရွာတို့ရပ်
စည်းခတ်ကြည်သာ၊ ဝန်းကျင်လွှာဝယ်
မေတ္တာဆွတ်ဖျန်း၊ မွှေးသောပန်းနှင့်
စမ်းချောင်းရေလျှင်၊ တသွင်သွင်နှင့်
သံစဉ်အေးအေး၊ လှိုင်းယက်ဖွေးလျက်
ငှက်ကျေးသံသာ၊ ရိပ်မြုံဖြာ
စွဲမက်ဖွယ်ရာ၊ ထိုနေရာ။
✻ ဘိုးဘွားစဉ်ဆက်
ဆင်းသက် ဤမြေ၊ ချစ်မပြေသို့
တစ်တွေတို့က၊ ဆုပ်ကိုင်ကြ၍
တမျှမြူမှုန်၊ ရင်မှာထုံလျက်
မျိုးဂုဏ်စဉ်လာ၊ ပြယုဂ်လွှာ
ဝိုင်းဝန်းထိန်းသိမ်း သွေမကွာ။
✻ တစ်တွေတို့များ
မှတ်သားလိုက်နာ၊ ချိန်အခါနှင့်
ဝန်တာရှေးရှု၊ ကျေပွန်မှုနှင့်
ဆစ်ထုပုံဖော်၊ များကျိုးမျှော်
အရေခန်းရိုးကျေ မှုဘူးနော်။
✻ မင့်ကိုယ်ကျိုး
အမျိုးဘာသာ၊ သာသနာလည်း
ရောင်ဝါနေသို့၊ လင်းဖြာဖို့လျှင်
မချို့စိတ်ဓာတ်၊ ကောင်းမြတ်လမ်းစဉ်
ဖယ်ကြဉ်မတိမ်း၊ မယိမ်းမယိုင်
ဖျက်ရန်ကာကွယ် တွန်းရင်ဆိုင်။
✻ အိုဘယ့်ပြည်သူ
အေးတူပူမျှ၊ မခွဲကြဘဲ
စိုစလက်များ၊ ခြောက်မသွားအောင်
ခြောက်စလက်များ၊ စိုမသွားအောင်
ကျင့်ပွားမျှဝေ၊ နွေးထွေးစေဖို့
ဤမြေတန်ဖိုး၊ သိရှိရိုးတည့်
တို့မျိုးဆွေညာ၊ မိတ်သဟာနှင့်
ရိုးရာမှုဖက်၊ မူမပျက်အောင်
တွဲလက်မဖြုတ် ရှေ့သို့ချီ
ဝန်တာတူမျှ ထမ်းဖို့ရည်။ ။

ဗိုလ်လေးလုံးသောင်းကိုကို

## ဘိုကလေးပညာရေးဒီဂရီကောလိပ်တွင် လူငယ်စကားဝိုင်းကျင်းပ

**ဘိုကလေး စက်တင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ဘိုကလေးပညာရေးဒီဂရီကောလိပ် ပညာဂုဏ်ရည်ခန်းမတွင် ယနေ့နံနက် ၉ နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန နှင့် ဘိုကလေးပညာရေး ဒီဂရီကောလိပ်တို့ပူးပေါင်းကာ လူငယ်စကားဝိုင်းကျင်းပသည်။

အဆိုပါ လူငယ်စကားဝိုင်းကို လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးနှင့် လူငယ်များအချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်သော အလေ့အကျင့်ကောင်းများ ရရှိစေရေးတို့ကို ရည်ရွယ်၍ ကျင်းပ ဆောင်ရွက်ခြင်းဖြစ်ပြီး လူငယ်စကားဝိုင်းသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးသိန်းထွေးမွန်၊ ဘိုကလေးပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါ်သန်းသန်းစိုးနှင့် တာဝန်ရှိသူများ၊ ပညာရေးဒီဂရီကောလိပ်သင်တန်းသား သင်တန်းသူများ အင်အား ၄၅၀ ခန့် တက်ရောက်ကြပြီး ကျောင်းအုပ်ကြီး ဒေါ်သန်းသန်းစိုးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝေဝေမြင့်က စကားဝိုင်းကျင်းပရခြင်းရည်ရွယ်ချက်များ ရှင်းလင်းပြောကြားပြီး ဘိုကလေးပညာရေးဒီဂရီကောလိပ် ပါမောက္ခဆရာကြီး ဦးငွေသိန်းအပါအဝင် ပညာရေးဒီဂရီ ကောလိပ် သင်တန်းသား သင်တန်းသူ လေးဦးတို့နှင့်အတူ "လူငယ်နှင့် စာပေ၊ လူငယ်နှင့် ယဉ်ကျေးမှု" ခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး သင်တန်းသား သင်တန်းသူများ သိလိုသည်များကို ဦးဆောင်ဆွေးနွေးကြသူများက ပြန်လည်ရှင်းလင်းဖြေကြားကြောင်းနှင့် စကားဝိုင်းအပြီးတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော သုတ၊ ရသ ကဏ္ဍစုံ စာအုပ်၊ စာပေများကို သင်တန်းသား သင်တန်းသူများက လေ့လာကြည့်ရှုကြကြောင်း သိရသည်။




မိုးစက်(ဘိုကလေး)



## သီပေါမြို့နယ် နမ့်လန်ဒေသ၌ မိုးနှင့်တောင်ကျရေများကြောင့် ရေကြီးရေလျှံမှုဖြစ်ပွား

**သီပေါ စက်တင်ဘာ ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါ မြို့နယ် နမ့်လန်ကျေးရွာအုပ်စုတွင် ယမန်နေ့ညပိုင်းက မိုးအဆက်မပြတ် ရွာသွန်းမှုနှင့် တောင်ကျရေများကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါရေကြီးရေလျှံမှုကြောင့် နမ့်လန်၊ ကောင်းလန်းနှင့် ကုံးမုန်ကျေးရွာတို့တွင် လမ်းမကြီးပေါ်၌ ရေလျှံကာ သွားလာမှုခက်ခဲပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်ပျက်စီးခြင်းမရှိကြောင်း သိရသည်။

စိုင်း(သီပေါ)

## မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁ ရက် ည ၉ နာရီ တွင် ချမ်းမြသာစည်မြို့နယ် မြို့သစ်(၂)ရပ်ကွက် ၇၃ လမ်း၊ ၁၀၇ x ၁၀၈ လမ်းကြား၌ KTV/ CLUB/ BAR နှင့် စားသောက်ဆိုင်များတွင် လူငယ်များအား အန္တရာယ်ဖြစ်စေသည့် စိတ်ပြောင်းဆေးဝါးများ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သတင်းရရှိထားသူ စိန်မြင့်(ခ)အားသာတို့နှင့်အတူ စိတ်ပြောင်းဆေးဝါး Happy Water ၀ ဒသမ ၅ ကီလို နှင့်လည်းကောင်း၊ အလားတူ မွန်းလွဲ ၃ နာရီခွဲတွင် တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက်တွင် လော်မို မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်တူးဘောက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

## ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကျာ စိတ်ချမ်းသာ

# တရားမဝင် သစ်မျိုးစုံ၊ ဓာတုပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော်  စက်တင်ဘာ  ၂**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ်၃၀ရက်တွင်မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးမြို့နယ်အတွင်း၌ လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီးနှင့် မော်တော်ဆိုင်ကယ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။









**ဖမ်းဆီးရမိ**

ထို့ပြင် ဩဂုတ် ၃၁ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် မြရည်ပုလဲလမ်း ယင်းဝါဆည်အနီး၌ လိုင်စင်မဲ့ Toyota Liteace မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းပြင် စက်တင်ဘာ ၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင် အင်းတကော်မြို့နယ်၌ လိုင်စင်မဲ့ Toyota Porbox မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၆၀၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၂၇၅၂)ကို သစ်တောဥပဒေအရလည်းကောင်း၊ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ ဘားအံမြို့မှ တောင်ငူမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၂၁၂၇၅၂ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။ **(အပေါ်ပုံ)**

**အရေးယူဆောင်ရွက်**

စက်တင်ဘာ ၁ ရက်တွင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် ၁၁ စီးနှင့် မော်တော်ဆိုင်ကယ် ၁၄ စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၂၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်လေးဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၁၈ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၅၅၆၀၀)ကို လည်းကောင်း၊ MITT ဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ ထိန်းချုပ်ဓာတုပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၉၈၆၄၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၄၅၄၂၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဖမ်းဆီးရမိမှု အမှုတွဲ ၃၉ မှု**

သို့ဖြစ်ပါ၍ ဩဂုတ် ၃၀ ရက်၊ ၃၁ ရက်နှင့် စက်တင်ဘာ ၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၉ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၅၃၆၆၉၉၂ ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **သတင်းစဉ်**

---

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော်၊ စက်တင်ဘာ ၂

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

**အသိပေးသတင်းထုတ်ပြန်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**တရားဥပဒေနှင့်အညီဆောင်ရွက်**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Aung Zin Oo(ကြွက်)” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁၂)ရပ်ကွက်နေ အောင်ဇော်ဦး(ခ)အောင်ကြိုင်(ခ)ကြွက်အား မွန်းလွဲ ၂ နာရီခွဲတွင်လည်းကောင်း၊ “Yair Yair” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၁၂)နေ ရဲဇာနည်အောင်(ခ)အာကြီးအား မွန်းလွဲ ၃ နာရီတွင်လည်းကောင်း၊ “MDY” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ အမရပူရမြို့နယ် ဓနုံးကျေးရွာနေ ဟန်သော်စိုးအား ညနေ ၆ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ “မိကျူး” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် အမှတ်(၄)ရပ်ကွက်နေ ထက်ထက်ဝင်း(ခ)မိကျူးအား ည ၁၀ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

**ဆက်လက်ဖော်ထုတ်အရေးယူ**

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ဆိပ်ကြီးခနောင်တိုမြို့နယ်၌ ဆေးလိပ်မီးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားပြီး အမျိုးသမီးတစ်ဦး သေဆုံး

**နေပြည်တော်  စက်တင်ဘာ  ၂**

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ်၌ အောက်တိုဘာ ၃၁ ရက်က ဆေးလိပ်မီးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားပြီး အမျိုးသမီးတစ်ဦးသေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ ဩဂုတ် ၃၁ ရက် ည ၆ နာရီ ၅၅ မိနစ်ခန့်တွင် ဆိပ်ကြီးခနောင်တိုမြို့နယ် ချောင်းဝိုင်းလေးရပ်ကွက်တွင် အမျိုးသမီးတစ်ဦး နေအိမ်အိပ်ရာပေါ်၌ မီးလောင်သေဆုံးနေကြောင်း သတင်းအရ ဆိပ်ကြီးခနောင်တိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါရပ်ကွက်နေ ဒေါ်သန်းရီ(၈၁)နှစ်သည် ၎င်းနေအိမ်အိပ်ခန်းအတွင်း အိပ်ရာပေါ်၌ ဆေးလိပ်သောက်ရာမှ မွေ့ရာပေါ်မီးပွားကျပြီး မီးကူးစက်လောင်ကျွမ်း၍ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ဒေါ်သန်းရီအား ဆိပ်ကြီးခနောင်တိုမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**

---

## ထန်းတပင်မြို့နယ်၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိ

နေပြည်တော်  စက်တင်ဘာ  ၂

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ စက်တင်ဘာ ၁ ရက်က ယာဉ်တိမ်းမှောက်မှုဖြစ်ပွား၍ အမျိုးသား တစ်ဦး သေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာစက်တင်ဘာ ၁ ရက် နံနက် ၇ နာရီခွဲခန့်တွင် ထန်းတပင်မြို့နယ် ရန်ကုန်-ထန်းတပင် ကားလမ်းအတိုင်း တောင်မှမြောက်သို့ ရွာကန့်လန့်ကျေးရွာနေ မြတ်လင်းစိုး (၂၂)နှစ် မောင်းနှင်ပြီး ၎င်း၏ ဖခင်ဖြစ်သူ ဦးဘိဘိသိန်း(၆၀)နှစ် လိုက်ပါလာသော ထော်လာဂျီယာဉ်သည် တောတန်းလေးကျေးရွာထိပ်အရောက်၌ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိပြီး လမ်းဘေးရေမြောင်းအတွင်းသို့ ထိုးကျတိမ်းမှောက်ခဲ့သဖြင့် မြတ်လင်းစိုးတွင် ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး ဦးဘိဘိသိန်းတွင် ဒဏ်ရာများရရှိခဲ့သောကြောင့် မြတ်လင်းစိုးအား ထန်းတပင် မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**

---

**အိမ်ပြင်ပ၌ ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ**

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်ကို (MRTV-HD Channel)မှ (Free to Air - FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိပါသည်။

၂။ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၆ ရက် (သောကြာနေ့)ညတွင် အလင်္ကာကျော်စွာ တေးရေးဆရာကြီး ရွှေတိုင်ညွှန့်၏ တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ဌာနအဆိုရှင်များနှင့် ပြင်ပတေးသံရှင်များ စုပေါင်း၍ " ချစ်ရောင်ခြည် " တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

(၆-၉-၂၀၂၄)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ " ချစ်ရောင်ခြည် " တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | မြနှင်းဆီ | ဌာနအဆိုရှင် |
| ၂။ | ငှက်ပေါင်းစုံ | ပြင်ပအဆိုရှင် |
| ၃။ | စွဲတဲ့မေတ္တာ | ပြင်ပအဆိုရှင် |
| ၄။ | ချစ်ရောင်ခြည် | ပြင်ပအဆိုရှင် |
| ၅။ | လေ့ကလေး | ပြင်ပအဆိုရှင် |
| ၆။ | ငှက်မောင်နှံ | ပြင်ပအဆိုရှင် |
| ၇။ | မေတ္တာအရင်းခံ | ဌာနအဆိုရှင် |
| ၈။ | အကျင့်ဆိုး | ပြင်ပအဆိုရှင် |
| ၉။ | မြကြာယံ | ပြင်ပအဆိုရှင် |
| ၁၀။ | အချစ်ဒီပနီ | ပြင်ပအဆိုရှင် |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/၅)တိုးချဲ့၊ သုမင်္ဂလာလမ်း၊ မြေကွက်အမှတ် (၁၃)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါ်ယုယုစိန် (၁၂/ဒဂတ (နိုင်) ၀၄၇၆၁၈) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်ယုယုစိန် ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဒေါ်လင်းလင်းထက်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၂/တိုးချဲ့)၊ သခင်အုန်းဖေကြီးလမ်းနှင့် ချမ်းမြေ့သာယာ (၁)လမ်းထောင့်၊ မြေကွက်အမှတ် (၁၆၈)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးဇော်မင်းထွန်း (၁၂/လကန (နိုင်) ၁၆၆၃၄၈) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးဇော်မင်းထွန်း ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဒေါ်လင်းလင်းထက်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## မိခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ အထက(၂) Grade-12 (Steams-2) မှ နန့်ယဉ်သူလွင် (ကျောင်းဝင်အမှတ်-၀၆၃၄) ၏ မိခင်အမည်မှန်မှာ ဂါ့ဝေယဉ်နွယ် ၁၄/မမန (နိုင်) ၁၈၉၇၇၄ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

